မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၄၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

စမ်းချောင်းနှင့် သာကေတရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားပရိဝုဏ်အတွင်းရှိ သန္တိသုခဓမ္မာရုံကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သက်နှင်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးတို့ ကြွရောက်ကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

စိတ်ဓာတ်ရေးရာ မြင့်မားမှုနှင့် စည်းလုံးညီညွတ်မှုရှိရန် အရေးကြီး

နိုင်ငံတကာ ဘောလုံးပြိုင်ပွဲတစ်ရပ်၌ တစ်ဦးချင်းဘောလုံးပညာ ကျွမ်းကျင်မှုနှင့် နည်းစနစ်ကျွမ်းကျင်မှုတို့ဖြင့်သာ ဗိုလ်စွဲနိုင်မည်မဟုတ်ဘဲ စိတ်ဓာတ်ရေးရာ မြင့်မားမှုနှင့် စည်းလုံးညီညွတ်မှုရှိရန်လည်း အရေးကြီးကြောင်းကို မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အောင်ပွဲက သက်သေပြလိုက်ခြင်းဖြစ်။ ကိုထွေး၏ ဆောင်းပါး (ကျောဖုံး နှင့် စာ ၈-၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်)

မြန်မာအမျိုးသမီးဘောလုံးအသင်းအား ဝိုင်းဝန်းဂုဏ်ပြု ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် အောင်နိုင်ရေးကြိုးပမ်းခဲ့

မြန်မာ့အားကစားလောက တိုးတက်လာစေရန် နိုင်ငံတော်က အဘက်ဘက်က အားပေးမြှင့်တင်လျက်ရှိသည်။ မြန်မာအားကစားသမားများ၏ အနိုင်မခံ၊ အရှုံးမပေးသော စိတ်ဓာတ်ကြောင့် အာရှအဆင့်အထိ တက်လှမ်းယှဉ်ပြိုင်လျက်ရှိသည်။

တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့ရာ မြန်မာအမျိုးသမီးဘောလုံးအသင်းက ထိုင်းအမျိုးသမီးဘောလုံးအသင်းကို အနိုင်ရဗိုလ်စွဲခဲ့သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းအတွက် ဒုတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးဘောလုံးချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ လာအို၊ စင်ကာပူ၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ အမျိုးသမီးဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲအထိ ပွဲစဉ်ငါးပွဲ ယှဉ်ပြိုင်ကစားရာ ရှုံးပွဲမရှိ အောင်ပွဲခံ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အားကစားအောင်နိုင်ခြင်းသည် နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးရာ ရောက်ပေသည်။ စက်တင်ဘာ ၁၅ရက်က ယှဉ်ပြိုင်ကစားခဲ့သော အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာဘောလုံးပရိသတ်များ ကွင်းလုံးပြည့် ဘဝင်ညံအောင် တစ်ခဲနက်အားပေး ကြည့်ရှုခဲ့ကြသည်။

ထို့အပြင် ရုပ်မြင်သံကြားဖန်သားပြင်မှတစ်ဆင့် အားပေးကြည့်ရှုကြသော မြန်မာဘောလုံးပရိသတ်များကလည်း မြန်မာအမျိုးသမီးဘောလုံးအသင်း၏ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် ရရှိခဲ့သည့် အောင်မြင်မှုအတွက် ဂုဏ်ယူဝင့်ကြွားခဲ့ကြသည်။ မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်သော စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် နိုးကြားရှင်သန်မှုကို ဖော်ညွှန်းပြသလိုက်ခြင်းလည်း ဖြစ်သည်။

သို့ဖြစ်ရာ အခြားသောကစားနည်းများဖြစ်သည့် ဘော်လီဘော၊ ပြေးခုန်ပစ်၊ မြားပစ်၊ တင်းနစ်၊ အလေးမ၊ တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ ရေကူးစသော အားကစားနည်းများတွင်လည်း မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အနိုင်မခံအရှုံးမပေးသည့် ကြံ့ခိုင်သောစိတ်ဓာတ်ကို စံနမူနာယူ၍ အောင်ပွဲအဆင့်ဆင့် ဆွတ်ခူးနိုင်ရေး လေ့ကျင့်ကြိုးပမ်းယှဉ်ပြိုင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗိုလ်ချုပ်ဈေး ပါရွှေ-ခိုင်ရွှေ ဦးပါအားရည်စူး၍ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ဦးဝိစာရလမ်း အမှတ်(၂၉၀-H)နေ ဒေါ်တင်ရွှေမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တီ=နီ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၇-၉-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၁။	လျှပ်တစ်ပြက်
၇း၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၃၃)
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း (ဒုတိယတွဲ)** (အပိုင်း-၃၄)

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး တက်ရန် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ကျူးဘားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၁၆

ကျူးဘားနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာတာလိုမတ်စ်မိုရယ်လ်စ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပမည့် မြန်မာ-ကျူးဘား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် ဝန်ကြီးများအဆင့် ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

လိုက်ပါ

ဝန်ကြီးဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်ဘကြူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းတို့ လိုက်ပါသွားကြသည်။

ထွက်ခွာ

ဝန်ကြီးဦးဉာဏ်ဝင်းသည် မြန်မာ-ကျူးဘား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် ဝန်ကြီးများအဆင့် ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ပြီးနောက် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် (၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးယောက်မြို့သို့ စက်တင်ဘာ ၁၉ ရက်တွင် ဆက်လက် ထွက်ခွာသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး(ငြိမ်း) ဦးကျော်တင်အား ရည်စူး၍ အမှတ် ၁၄ ဝေဇယန္တာဥယျာဉ်ရိပ်သာ ၁ လမ်း သဃ်ၤန်းကျွန်းမြို့နယ်နေ ဇနီးဒေါ်စုစု မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်လက်ခံယူစဉ်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၀၇ (တနင်္လာနေ့)

AM / PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	ကံ၊ ကံ၏အကြောင်းအကျိုး ရှင်းပြပုံ ပဋိစ္စသမုပ္ပါဒ် တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တ သံဝရ)
၇း၄၅ - ၁း၄၅	ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှုပန်းပုပညာ
၈း၀၀ - ၂း၀၀	တေးဂီတအစီအစဉ်
၈း၀၅ - ၂း၀၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၁၅ - ၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀ - ၂း၂၀	အားလုံးအတွက် ပြန်လာတဲ့ ဒေဂူး
၈း၄၀ - ၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅ - ၂း၄၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၉း၂၀ - ၃း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ [ဦးကျော်ညွှန့် (အငြိမ်းစား) အပြည်ပြည်ဆိုင်ရာရေကြောင်း ဥပဒေ ပါမောက္ခနှင့်တွေ့ဆုံခြင်း]
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	ဒေသထွက်ကုန်စားစရာ ရေတာရှည်မြို့က ဝက်အူချောင်းပါ
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင် ကဏ္ဍ (အဝလွန်ခြင်းရောဂါနှင့်ပတ်သက်သောကျန်းမာရေး အမေးအဖြေများ)
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	မြစ်သာတံတား
၁၁း၀၀ - ၅း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅ - ၅း၀၅	ခေတ်မီစတိုင်ကျ ရယ်ဒီမိတ်အထည်လှလှ
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ(အပိုင်း-၁) (တော်ဝင်ခမ်းနားပတ္တမြား)
၁၂း၀၀ - ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅	ပီတိ၏ကြည်နူးမှုပုံရိပ်များ
၁၂း၂၀ - ၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅ - ၆း၂၅	ဦးနှောက်အကျိတ်ရောဂါ အကြောင်းသိကောင်းစရာ (ပါမောက္ခ ဒေါက်တာအောင်ကျော်၊ ပါမောက္ခဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Derby-Newcastle	ESPN (Live)

● **ရှေ့ဖုံးမှ**

ရေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဝေဠုဝန်စာသင်တိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပဓာန နာယကဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်းရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန် ကုမ္ပဏီလီမိတက်၊ စန္ဒီပရဆေးမိသားစု၊ မြေနီကုန်း ဒဂုံစင်တာမိသားစု၊ မုန်ချိုဆေးတိုက်၊ ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ထွန်းရွှေဝါဆေးတိုက်၊ မဥ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၆၀၀၀၀ စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့်စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်နှစ်သိန်း၊ စမ်းချောင်းမြို့နယ် အတွင်းရှိ စေတနာရှင် ပြည်သူများ၊ ဦးကိုကိုထွေး- ဒေါ်အေးအေးသန်း (တော်ဝင်မိသားစုကုမ္ပဏီ)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးလှမြင့် မိသားစု (ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)နှင့် သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးမျိုးဆွေ-ဒေါ်ချိုချိုဝင်း၊ ဦးခင်မောင်သိန်း-ဒေါ်ခင်မြင့်မြင့် (ဆီဆုံလမ်း)က ငွေကျပ် ၄၈၂၅၀၀၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးမောင်မောင် (Asia Express)က ငွေကျပ် လေးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် ကြက်ဆူ စိုက်ပျိုးရေးကုမ္ပဏီ)က ငွေကျပ် ၂၀၆၀၀၀၊ စမ်းချောင်းမြို့နယ် ပညာရေးမိသားစုက ငွေကျပ် ၂၀၃၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသိုင်းဝင်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်ငွေငွေညွန့် (BTB ကုမ္ပဏီ)၊ ဂမုန်းပွင့်ကုန်တိုက် (စမ်းချောင်း)၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဒေါက်တာအေးကျော်(ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)၊မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမမိသားစု)၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီလီမိတက်)နှင့် မိခင်ကြီး ဒေါ်သန်းရီ၊ ဦးခင်မောင်ဇော်-ဒေါ်အေးအေး မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးစိန်ထွေး-ဒေါ်ဆုစန္ဒာဟုတ် (ဂင်ဇာလှ ဆောက်လုပ်ရေး)၊ ဦးငြိမ်းမောင်-ဒေါ်ခင်ရွှေ (ဒိုင်းနမိုက်ဆောက်လုပ်ရေး)၊ စမ်းချောင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ရှိုင်းဟုတ်ကုမ္ပဏီတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း (သား) ဦးရန်ရှင်း မိသားစု (ယုနိုက်တက်ဝင်းနား အင်တာနေရှင်နယ်ကုမ္ပဏီ)၊ အာရှတော်ဝင် အထူးကုဆေးခန်း (စမ်းချောင်းမြို့နယ်)၊ ဒေါ်သန်းနု (ဒေါ်နု အလှူပစ္စည်းမျိုးစုံ အငှားဌာန)နှင့် ဦးငြိမ်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်အုန်းကျင်(အိုကေပဲမျိုးစုံရောင်းဝယ်ရေး)တို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ ဦးလှမြင့်(ဒဂုံ)-ဒေါ်မြင့်သန်းဌေး မိသားစု (မြေတောင်ရပ်ကွက်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ ဆေးတိုက်)၊ ဒေါ်မျိုးမျိုးခိုင် (Ki Ki Myanmar Media)၊ စမ်းချောင်းမြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဦးသန်းအောင်-ဒေါ်သင်းသင်းစန်း (ပြည်သူ့ကွက်သစ် ၁ လမ်း)၊ ခရမ်းဦးချစ်တင်-ဒေါ်လှကြည် မိသားစု (ပြည်လမ်း)၊ ဦးကျော်သူ-ဒေါ်မော်မော်တင် မိသားစု (ဓမ္မိကဝတီလမ်း)၊ ဦးစံမောင်-ဒေါ်ကြည်မိသားစု (ပန်းတနော်လမ်း)၊ စမ်းချောင်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ၊ ဦးဝကြီး-ဒေါ်တင်စန်း (ထိပ်တန်းဆေးခန်း)၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးချူသန်း-ဒေါ်ဝင်းကြည် မိသားစု (မြန်မာ့မြေလတ်သားပို့ဆောင်ရေး လီမိတက်)၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)နှင့် ဒေါ်လှလှ (လမ်းမတော်မြို့နယ်)တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၈၃၃၇၅၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ယင်းနောက် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင် စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စမ်းချောင်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၂၁ အိတ် ခြောက်ပြည်၊ ဆီ ၉၄၇ ပိဿာ၊ အိုင်အိုဒင်းဆား ပိဿာ ၁၅၇၀၊ သွားတိုက်ဆေးဘူး ၃၁၄ ဘူး၊ ဆေးမျိုးစုံ ၄၆၉၅ ဘူး၊ ပဲ ၃၁၄ ပိဿာ၊ ငရုတ်သီးမှုန့်အထုပ် ၄၅၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၈၃၃၇၅၀၀ ဖြစ်သည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၇ တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် မြင်တော်သာလမ်း ဇိနမာရ်အောင်ဘုရား ပရိဝုဏ်အတွင်းရှိ ဝိမုတ္တိရသဓမ္မဗိမာန်တော်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာန နာယက ဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီးများ ကြွရောက်ကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူ

ရေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ သာသနာ့အလင်းရောင်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇောတိကထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပဓာန နာယကဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ စန္ဒီပရဆေး မိသားစု၊ ထွန်းရွှေဝါဆေးတိုက်၊ အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ မဥ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက်၊ သာကေတမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများ၊ သာကေတမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၂၉၀၀၀၀ စီ၊ ဦးသိန်းဝင်း သီဟသုဓမ္မသိင်္ဂီ ဒေါက်တာရီရီနွယ် မိသားစုက ငွေကျပ် သိန်း ၂၀၊ အောင်မော်စံ သာသနာပြုအဖွဲ့က ငွေကျပ် ၁၅ သိန်း၊ ဒေါ်ခင်ရီက ငွေကျပ် ၁၂ သိန်း၊ ဦးလှထွန်း-ဒေါ်ခင်ရီ၊ ဦးထွန်းရင်ဦး-ဒေါ်သန်းသန်းရီ၊ ဦးကြွက်-ဒေါ်စိုးမြင့်၊ ဦးကြည်-ဒေါ်ခင်တင့်၊ ဦးသန်းဝင်း-ဒေါ်လွင်လွင်ချိုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးကျင်ဝှက်-ဒေါ်တင်အေး၊ ဦးတင်မောင်သန့်-ဒေါ်ဝါဝါခိုင်၊ သုဓမ္မ မဏိဇောတဓရ ဦးအောင်မွန်-ဒေါ်လှလှမော်နှင့် ဦးတင်စိုးလင်း မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ထေရဝါဒ ဗုဒ္ဓဘာသာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းက ငွေကျပ် လေးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး)မိသားစုက ငွေကျပ် ၃၀၇၀၀၀၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sun Myanmar Co., Ltd.)၊ ကွယ်လွန်သူဖခင်ကြီး ဗိုလ်မှူးကြီးမင်းအောင်(OTS ဗိုလ်သင်တန်းအပတ်စဉ်-၁၀၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်)နှင့် မိခင်ကြီး ဒေါ်ခင်ပြုံးရီတို့အား ရည်စူး၍ ဦးမျိုးမင်းမင်းစိုး- ဒေါ်အိကေသွယ်မင်း (ပုဇွန်တောင်)၊ ဦးထိန်ဝင်း-ဒေါ်ဆွေဆွေအိ၊ သာကေတ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ သာကေတမြို့နယ် မော်တော်ယာဉ် ထုတ်လုပ်သူများ၊ ဒေါ်ထားထားနွယ် စီ(၉) ယမုံနာရိပ်မွန် အိမ်ရာ လမုတန်းရပ်ကွက်၊ ဦးစောမောင်-ဒေါ်ခင်အိ (၁၀ သီရိရတနာလမ်း၊ ဝါဆို ဒေါပုံ)၊ ဦးမူတူး ၃၂ အောင်မေတ္တာလမ်း ဇေယျာသီရိရပ်ကွက် ဒေါပုံမြို့နယ်၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်း-ဒေါ်နန္ဒာအောင်တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးကျင်ဦး (ပေါ်ပြူလာပလတ်စတစ်နှင့် ယပ်တောင်)က ငွေကျပ်၂၅၀၀၀၀၊ သာကေတမြို့နယ်ရှိ ဓမ္မာရုံများက ငွေကျပ်၂၁၀၀၀၀၊ ဒေါပုံမြို့နယ် ဆီကုန်သည်များအသင်း၊ Golden Flower ကုမ္ပဏီ၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း၊ ဦးပြုံးနိုင်-ဒေါ်သင်းသင်းအေး (ပုလဲရတနာလမ်း)၊ ဦးအောင်မြင့်-ဒေါ်တင်ရီ (နဝဒေးလမ်း)၊ ဦးမြင့်စန်း-ဒေါ်တင်တင်ဝေ (နဝဒေးလမ်း)၊ ဦးအောင်သိန်းထွဋ် (မင်းနန္ဒာလမ်း)၊ ပုသိမ်မြေရပ်ကွက် မိသားစုနှင့် မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းတို့က ငွေကျပ်နှစ်သိန်းစီအပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၂၃၃၆၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လျှောက်ထား

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ရေစက်ချ

ယင်းနောက် သာကေတမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပါဠိကာရီ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂိရသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၅၇ အိတ်၊ ဆီ ၁၆၃၁ ပိဿာ ၂၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၂၇၁၂ ပိဿာ၊ သွားတိုက်ဆေးဘူး ၅၄၂ ဘူး၊ ဆေးမျိုးစုံ ၁၀၈၄ ဘူး၊ ပဲ ၅၄၂ ပိဿာ၊ ငရုတ်သီးမှုန့်အထုပ် ၄၅၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ်၂၃၃၆၅၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

တာမွေမြို့နယ်တွင် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ် ခြင်ဆေးမှုတ်၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၆

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ ယနေ့နံနက် ၇ နာရီမှ မွန်းတည့်အထိ တာမွေမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များရှိ စာသင်၊ စာချ သံဃာတော်များအား ကျန်းမာရေးဖြည့်ဆည်းပံ့ပိုးမှုလုပ်ငန်းအဖြစ် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

လုပ်ငန်းဆောင်ရွက်

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ ရပ်ကွက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စာသင်တိုက်များဖြစ်ကြသော ဘိုးလိန်း အောင်မင်္ဂလာရပ်ကွက်ရှိ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဦးဉာဏာဘိဝံသ (မြို့နယ်သံဃနာယကဥက္ကဋ္ဌ)ကျောင်းနှင့် ကျောက်မြောင်းအရှေ့ရပ်ကွက်ရှိ သာသနာ့ဇောတိပါလ ပရိယတ္တိစာသင်တိုက်များတွင် အသင်းပိုင်စက်ကြီးများဖြင့် ခြင်ဆေးမှုတ်၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ) (က-ပ)**

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၆-၉-၂၀၀၇

သိမ်ဖြူ	၁၀ ဒသမ ၀၄ လက်မ
စစ်ကိုင်း	၅ ဒသမ ၁၆ လက်မ
တံတားဦး(လေဆိပ်)	၅ ဒသမ ၀၁ လက်မ
မန္တလေးမြို့	၃ ဒသမ ၀၃ လက်မ
မြင်းမူ	၂ ဒသမ ၀၅ လက်မ

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီးတို့ နေပြည်တော်အထူးခရိုင် အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားတွင် ခင်းကျင်းပြသထားသော အာဟာရပြည့်ဝသည့် အစားအစာများ၊ ကျန်းမာရေးနှင့် မကိုက်ညီ၍ ရှောင်ကြဉ်သင့်သည့်အစားအစာများ၊ ချင့်ချိန်၍ စားသုံးသင့်သောအစားအစာများ ပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်အထူးခရိုင်အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၆

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ်၌ကျင်းပသည့် နေပြည်တော်အထူးခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားသောဧည့်သည်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် နေပြည်တော်ပျဉ်းမနားခရိုင်ဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာမျိုးမြင့်ကြည်က အစားအစာနှင့်အာဟာရအကြောင်းသိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးကုဌာနသို့ ဆေးပဒေသာပင်စိုက်ထူရန် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်ရာ တိုင်းရင်းဆေးကုဌာန ဒုတိယတိုင်းရင်းဆေးမှူး ဦးသန်းထွန်းအောင်က လက်ခံသည်။

ထောက်ပံ့

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးတို့သည်ခင်းကျင်းပြသထားသောအာဟာရပြည့်ဝသော အစားအစာများ၊ ကျန်းမာရေးနှင့်မကိုက်ညီ၍ ရှောင်ကြဉ်သင့်သော အစားအစာများ၊ ချင့်ချိန်၍ စားသုံးသင့်သော အစားအစာများ ပြခန်းကို လှည့်လည် ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့သည် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ဗီတာမင်အားဆေးများ၊ ကိုယ်ဝန်ဆောင်အားတိုးဆေးများ၊ အိုင်အိုဒင်းဆားထုပ်များကို ထောက်ပံ့ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၃၆) ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၃၆)တွင် လျှပ်စစ်သံလိုက်ရထားပုံစံ စမ်းသပ်တီထွင်မှုအောင်မြင်၊ ဆင်းရွှေလီစပါး မြန်မာနိုင်ငံအလယ်ပိုင်းတွင် စိုက်ပျိုးဖြစ်ထွန်း၊ ရန်ကုန်မြို့တွင်း ခေတ်မီသန့်စင်ခန်းတည်ဆောက်လိုသူများကို မြို့တော်စည်ပင်မှ ပံ့ပိုးပေးမည်၊ အသက်အရွယ်ကြီး မြန်မာအမျိုးသမီးများ သားသမီးယူနိုင်တော့မည်၊ အင်ဒိုနီးရှားမြေလျှင်ကြောင့် မြန်မာ့ကမ်းရိုးတန်းဒေသများသို့ ဆူနာမီရေလှိုင်းဝင်ရောက်နိုင်သော်လည်း အင်အားကြီးမားသည့်အနေအထားမရှိနိုင်၊ ရန်ကုန်တွင် ယခုနှစ်သွေးလွန်တုပ်ကွေးဖြစ်ပွားသူ သုံးထောင်ကျော်ရှိပြီး လေးဆယ်ကျော်ဖိတ်စဉ်၊ မြို့ပတ်ရထားစီးသူများပြားလာသဖြင့် လက်မှတ်များဝယ်ရလွယ်ကူစေရန်ဆောင်ရွက် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ **"မြတ်သောဆရာ---- မြတ်ဆရာ"** ဘဝရှုခင်း ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အင်ဒိုနီးရှားအမြွှာငလျင်ကြီး ကိုးဦးဖိတ်စဉ်ပြီး ၄၉ဦးဒဏ်ရာရ၊ ကိုးနှစ်သားသင်္ချာဉာဏ်ကြီးရှင် ဟောင်ကောင်တက္ကသိုလ်သင်ရိုး အလွန်လွယ်ဟုဆို၊ နှစ်ပြည်ထောင်ချစ်ကြည်ရေးအထိမ်းအမှတ် တရုတ်ပန်ဒါဝက်ဝံကြီးနှစ်ကောင် စပိန်သို့ရောက်၊ အမျိုးသမီးများ ဘဝကြင်ဖော်ရွေးရာတွင် 'ရေရှည်ကိုကြည့်ကြ' ဟုဆို၊ လေဂစ်တာချန်ပီယံဘွဲ့ ဂျပန်သားကြီး ဆက်လက်ထိန်းသိမ်း၊ သိပ္ပံပညာကိုလည်း သပ္ပံရသဝတ္ထုကဲ့သို့ ရင်ခုန်စေသင့်ဟု ရူပဗေဒပညာရှင်ကြီး စတီဖင်ဟော့ကင်းပြော စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e- Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၁၆

ပဲခူးမြို့ ဆယ်မိုင်ကုန်းဟံသာဝတီဂေါက်ကွင်းအနီး ဓမ္မဒူတ တောရရိပ်သာ၌ အောက်တိုဘာ၁ရက်မှ ၇ရက်အထိ နာယကဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ ကိုယ်တိုင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် စက်တင်ဘာ ၃၀ရက်နေ့အရောက်လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါကရိပ်သာ ဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉-၅၃၀၂၀၈၂၊ ၀၉-၅၃၀၂၅၇၀၊ ကိုကျော်နိုင် (ပဲခူး) ဖုန်း-၀၅၂-၂၃၂၆၃၊ ၀၉-၅၃၀၀၅၃၇ နှင့်ကိုကျော်ဆန်း ဖုန်း-၀၉-၅၀၁၇၂၉၄ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

မိုးရေချိန် စံချိန်သစ်များ

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၀၇ခုနှစ် စက်တင်ဘာ ၁၆ ရက် မြန်မာစံတော်ချိန် ၉း၃၀ နာရီတွင် အောက်ဖော်ပြပါ စခန်းများ၌ စက်တင်ဘာလ၏ ၂၄နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန် ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့် နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	သိမ်ဇရပ်	၂၅၅	၁၀.၀၄	၁၈၅	၇.၂၈	၂၄-၉-၁၉၉၆	၄၂
၂။	စစ်ကိုင်း	၁၃၁	၅.၁၆	၁၀၅	၄.၁၃	၆-၉-၁၉၉၈	၄၁
၃။	တံတားဦး (လေဆိပ်)	၁၂၇	၅.၀၀	၁၁၇	၄.၆၁	၂၃-၉-၂၀၀၃	၁၃

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ် (၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ရိုးချောင်းကြီး ပြန်လည်တူးဖော်ပေးပါ

စာတည်းခင်ဗျား-

မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက်နှင့် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ကျောက်ရေတွင်းမြောက်ပိုင်း အောင်မင်္ဂလာကွက်သစ်ကြားရှိ ရိုးချောင်းကြီးသည် ယခင်က ပေ ၃၀ ခန့်ကျယ်သော်လည်း ယခုအခါ ချောင်းရိုးတစ်လျှောက် ကျူးကျော်တဲများ ဆောက်လုပ်နေထိုင်သဖြင့် သုံးပေမျှသာ ကျယ်သောချောင်းကောကြီးဖြစ်နေပြီး ရေစီးရေလာပိတ်ဆို့နေသဖြင့် လမ်းများပျက်စီးခြင်းများဖြစ်သောကြောင့် ရိုးချောင်းကို ပြန်လည်တူးဖော်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်ပြည်သူများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက်တွင် ရေဝပ်နေမှုကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(၅)ရပ်ကွက်သား

လမ်းမပေါ်ဘောလုံးကစားခြင်း တားမြစ်ပေးပါ

စာတည်းရှင်-

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၃)ရပ်ကွက် အေးရိပ်သာလမ်းပေါ်တွင် နေ့စဉ် ဘောလုံးကန်ကစားနေကြသူများကြောင့် လမ်းသွားလမ်းလာ များအတွက် စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် အနီးရှိအိမ်များအား ထိမှန်ပြီး ထိခိုက်ပျက်စီးမှုများ မကြာခဏ ဖြစ်လျက်ရှိပါသဖြင့် တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။

အေးရိပ်သူ

မြို့ပတ်လမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက်နှင့် မုံရွာတောင်ရပ်ကွက်များအကြားရှိ မြို့ပတ်လမ်း (သထုံ ဝံသကျောင်းလမ်း)မှာ ပျက်စီးနေပါသဖြင့် ပြန်လည်ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

မုံရွာသား

ပိတောက် ၃ လမ်းပေါ် ဈေးဆိုင်များရှင်းလင်းပြီးစီး

၁၈-၆-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ပိတောက်ရိပ်သာ ၃ လမ်းပေါ် ဈေးဆိုင်များ ဖယ်ရှားပေးပါ** ပေးစာနှင့် ပတ်သက်၍ ဖယ်ရှားရှင်းလင်းပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှိုက်ပုံအနံ့ဆိုး ရှင်းလင်းပြီးစီး

၅-၃-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မော်ဘီမြို့ အမှတ်(၃) ရပ်ကွက် မင်းရဲကျော်စွာလမ်း ဆိုင်ခန်းများရှေ့ရှိ အမှိုက်ပုံမှ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးစေရန် ရည်ရွယ်

ဘာသာလုပ်ငန်း ဒီပလိုမာသင်တန်းဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းဖြစ် ဖွံ့ဖြိုးမှုအရှိန်အဟုန်မြင့်မားစေရန် သင်တန်းက လေ့ကျင့်သင်ကြားပေး

ရန်ကုန် စက်တင်ဘာ ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အကောက်ခွန် ကုန်လှောင်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအရာရှိနှင့် အရာထမ်း၊ အမှုထမ်းများက ကိုယ်စီတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို တစ်ဦးချင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးအား လေဆိပ်အကောက်ခွန် ကုန်လှောင်ရုံ ရှင်းလင်းဆောင်ဌ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းတို့က ပြည်ပမှ လေကြောင်းခရီးဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများကို စနစ်တကျ စိစစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် လိုအပ်ချက်အရ တင်သွင်းလာသောသွင်းကုန်များကို နေ့ချင်းပြီး ထုတ်ယူခွင့် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် လေဆိပ်အကောက်ခွန် ကုန်လှောင်ရုံအတွင်း ပြည်ပမှ လေကြောင်းခရီးဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများကို လက်ခံထုတ်ပေးသည့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကုန်ပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများနှင့် အသေးစိတ်လိုအပ်သည့် ဆေးဝါးနှင့် အခြားကုန်ပစ္စည်းများအား အအေးခန်းအတွင်း သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသို့ရောက်ရှိပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဦးစီးဦးဆောင်မှုနှင့် မြန်မာနိုင်ငံဘဏ်များအသင်း၏ ကြီးကြပ်မှုတို့ဖြင့် ဖွင့်လှစ်ပို့ချပေးမည့် ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း ဖွင့်လှစ်ရန်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက သင်တန်းဖွင့်လှစ်ပို့ချရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သင်တန်းသားခေါ်ယူမည့် အစီအစဉ်များ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများ၊ ဆွေးနွေးပွဲများတွင် ဟောပြောဆွေးနွေးမည့် ဘာသာရပ်ဆိုင်ရာ ဝါရင့်ပညာရှင်များအား ညှိနှိုင်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ သင်တန်းအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂများ၊ ကွန်ပျူတာများ ဖြည့်ဆည်းထားရှိမှု အခြေအနေများကို ဆလိုက်ကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးကံဇော်က ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်က သင်ကြားရေးဆိုင်ရာ ဆရာဆရာမများ၊ သင်ကြားမှု အထောက်အကူဆိုင်ရာ စာရွက်စာတမ်း သင်ရိုးဇယားများစသည်ဖြင့် ပူးတွဲပေါင်းစည်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေ မန်နေဂျာများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း ဖွင့်လှစ်ပို့ချရေးနှင့် စပ်လျဉ်းပြီး အကြံပြုဆွေးနွေးတင်ပြကြသည်။

စဉ်ဆက်မပြတ်ဆောင်ရွက်

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်း**(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဟူသည့် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များအတိုင်း လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးစေရန် ရည်ရွယ်ပြီး ဤလုပ်ငန်း ဒီပလိုမာသင်တန်းဖွင့်လှစ်ရန် စီမံဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးမှုအရှိန်အဟုန်မြင့်မားစေရန် လိုအပ်သည့် ပညာရှင်များအား သင်တန်းက လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ စိတ်စေတနာကောင်းဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာ ပညာရပ်များ သင်ကြားပို့ချပြီး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ၍ မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံ၌ ဖွင့်လှစ်ပို့ချမည့် ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း အတွက် ပြင်ဆင်ထားရှိသည့် သင်တန်းခန်းမများ၊ Language Lab နှင့် စာကြည့်တိုက်၊ ဆရာ၊ဆရာမများ၏ ရုံးခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ **(သတင်းစဉ်)**

သန်လျင် ဘုံပျံပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းသုံး စာရေးကိရိယာများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ သန်လျင်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်း၍ သန်လျင်မြို့ ဘုံပျံပရိယတ္တိ စာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက်လှူဖွယ်ပစ္စည်းများနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ရက် နံနက် ၉နာရီက ဘုံပျံပရိယတ္တိ စာသင်တိုက်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ကျောင်းသုံး စာရေးကိရိယာများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ရေစက်ချတရားနာယူ

ထို့နောက် ဒေါ်မာမာဝေနှင့် အဖွဲ့သည် ဘုံပျံပရိယတ္တိ စာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဇနကထံမှ ရေစက်ချတရား နာယူကြသည်။

လှူဖွယ်ဝတ္ထုဆက်ကပ်

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့်အဖွဲ့သည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွင်း စာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သန်လျင်မြို့ ဘုံပျံကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒာစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်းသော လှူဖွယ်ပစ္စည်းနှင့် ကျောင်းသုံး စာရေးကိရိယာတို့၏ စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၇၁၇၇၉၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်း ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအားဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇) အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီခွဲက စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်သိန်းဆွေ ကိုယ်စား မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမင်းသိမ်းက အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များဖြစ်ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဦးညိုမင်း-ဒေါ်ဥမ္မာလွင် (မင်းဇာဏီကုမ္ပဏီ)တို့က ငွေကျပ်နှစ်သိန်း၊ ဦးခွန်မြတ် (မန်နေဂျင်းဒါရိုက်တာ)နှင့် ဦးမြစိန်-ဒေါ်သန်းသန်းအောင် (မြစိန်ဘက်ထရီ)တို့က ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဂုဏ်ပြုဆု

ယင်းနောက် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများ၊ ရေးရာလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ရပ်ကွက်များ၊ အသင်းလုပ်ငန်းများတွင် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ပေးသော ရပ်ကွက်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဖြိုးစေတနာ အခမဲ့ဆေးခန်းတွင် စေတနာအလျောက် တာဝန်ယူ ဆောင်ရွက်ပေးသော ဆရာဝန်များ၊ ဆေးခန်းတွင် ကူညီဆောင်ရွက်ပေးခဲ့သော အမျိုးသမီးထုအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်နှင့်ကြက်ခြေနီ တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ တွဲဖက်အတွင်းရေးမှူး ဦးတင်ထွန်းအောင်က သဘာပတိအဖြစ် ဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်များက အစီရင်ခံစာများ၊ စာတမ်းများ ဖတ်ကြားတင်သွင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၁၄ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အလက(၅)တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် အာဟာရကျွေးမွေးသော အလှူရှင်ဦးသိန်းဝင်းနှင့်မသီတာတို့အား ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဇော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

17-9 (05) 1 9/17/07, 3:15 AM

ဆည်ရေသောက်သီးနှံအားလုံး အောင်ရေလုံလောက်အောင်ရရှိရန်လို နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်း တိုးတက်စေလိုသည့်စေတနာဖြင့် ဆည်များကို ငွေကြေးအကုန်အကျမြောက်မြားစွာ သုံးစွဲတည်ဆောက်ထား

နေပြည်တော် စက်တင်ဘာ ၁၆

နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့နံနက်၇နာရီက နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ ရေဆင်းဆည်နှင့် ပေါင်းလောင်းရေလှောင်တမံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ရေဆင်းဆည် ရေထိန်းတံခါးနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးသည် ရေဆင်းဆည် ရေတံခါးထိန်းသည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မှာကြား

ထို့နောက် ဆည်ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ရေဆင်းဆည်၏ လက်ရှိရေပေးဝေမှု အခြေအနေနှင့် ဆည်တည်ဆောက် ထိန်းသိမ်းထားပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဆည်ရေသောက်သီးနှံအားလုံး အောင်ရေလုံလောက်အောင် ရရှိရန်လိုကြောင်း၊ ဆည်ကိုထိန်းသိမ်းရာတွင်လည်း စနစ်တကျ ထိန်းသိမ်းရန်လိုကြောင်း၊ နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်စေလိုသည့် စေတနာဖြင့် ငွေကြေးအကုန်အကျ မြောက်မြားစွာ သုံးစွဲ၍ တည်ဆောက်ထားရသည့် ဆည်များဖြစ်သည့်အတွက် အကျိုးရှိအောင် အသုံးချကြစေလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ရေဆင်းဆည်၏ ရေပိုလွှဲ တည်ဆောက်နေသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အဆိုပါရေပိုလွှဲသည် အလျားပေ ၄၂၀၀ နှင့် အကျယ်ပေ ၅၀ရှိပြီး ရေဆင်းဆည်မှ ရေပိုများကို ဆင်သေချောင်းအတွင်းသို့ လွှဲပြောင်းမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် နရာဘန်ချောင်းနှင့် ရေဆင်းချောင်း ပေါင်းဆုံသည့်နေရာသို့ သွားရောက်၍ အမှိုက်များ ပိတ်ဆို့မှု မရှိစေရေး၊ ကားလမ်းမများပေါ်သို့ ရေကျော်မှုများ မဖြစ်ပေါ်စေရေးတို့အတွက် ကြိုတင်စီမံဆောင်ရွက် ထားရှိစေရေးကို မှာကြားသည်။

ရေရှည်အကျိုးပြုနိုင်

ထိုမှတစ်ဆင့် တိုင်းမှူးသည်ပေါင်းလောင်းရေလှောင်တမံသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) မှညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပေါင်းလောင်းရေလှောင်တမံ စီမံကိန်း တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ထိန်းသိမ်းမှု အခြေအနေများ၊ လယ်မြေများသို့ ရေပေးဝေမှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက တည်ဆောက်ဆဲ ပေါင်းလောင်းရေလွှဲဆည်သည် ရေပေးဝေနိုင်မည့် လယ်မြေဧက၃၅၀၀၀ ရှိပြီး ပြည်သူများအတွက် အကျိုးများသော ရေလွှဲဆည်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများဘက်မှ ဂရုတစိုက် အမြဲထိန်းသိမ်းနေရန် လိုကြောင်း၊ သို့မှသာ ပြည်သူများအတွက် ရေရှည်အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုမှာကြားကာ နံနက်၁၀နာရီခွဲတွင် ပေါင်းလောင်းရေလှောင်တမံမှ ပြန်လည်ထွက်ခွာသွားသည်။

ပြီးစီးမည်

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၁၉၉၈-၁၉၉၉ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ပင်မတမံလုပ်ငန်းနှင့် ရေပိုလွှဲလုပ်ငန်းတို့ကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရေလွှဲဆည်နှင့်ဆည်ရေသောက်စနစ် လုပ်ငန်းကို ၂၀၀၅-၂၀၀၆ခုနှစ်တွင် စတင်ဆောင်ရွက်၍ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် လသာမြို့နယ် ၂၁လမ်း အမှတ် ၁၁၈နေ ရွှေပြည်နန်းမိသားစုက သမီးငယ် ကျန်းအမ်းချီ(ခ)မြတ်သီရိ၏ နှစ်နှစ်မြောက် မွေးနေ့အတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

ဂန့်ဂေါ ကြွံခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၆

မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို စက်တင်ဘာ ၁၃ ရက် နံနက်၉နာရီက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်မောင်က နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးအင်းကြူ နှင့် တာဝန်ရှိသူများက ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သူများ၊ (၂၅)ကြိမ်အထက် သွေးလှူရှင်များ၊ လူမှုရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်သူများအား ဆုများ အသီးသီး ချီးမြှင့်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သစ်အခြေခံ စက်မှုနည်းပညာသင်တန်း သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့က ကြီးမှူးဖွင့်လှစ်သည့် သစ်အခြေခံ စက်မှုနည်းပညာသင်တန်း သင်တန်းအမှတ်စဉ်(၈)ဆင်းပွဲနှင့် သင်တန်းအမှတ်စဉ် (၉) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၁၄ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၆)ရပ်ကွက် ပင်လုံလမ်းမကြီး အမှတ်၆၇၄ရှိ သစ်အခြေခံ စက်မှုနည်းပညာသင်တန်းဌာန၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးတင်စိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းနာယက ဦးအောင်လွင်၊ ဥက္ကဋ္ဌ ဦးစိန်လွင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးတင်စိုးက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် သစ်အခြေခံစက်မှု နည်းပညာသင်တန်းဌာန ဂုဏ်ထူးဆောင်ကျောင်းအုပ်ကြီး ဦးကောင်းရင်က သင်တန်းပို့ချမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားတစ်ဦးက သင်တန်းအတွေ့အကြုံနှင့် အကျိုးကျေးဇူးများကို တင်ပြသည်။

ယင်းနောက် ဂုဏ်ထူးဆောင် ကျောင်းအုပ်ကြီး ဦးကောင်းရင်က သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နာယက ဦးအောင်လွင်က ထူးချွန်သင်တန်းသားများအား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းကျောင်းကော်မတီဥက္ကဋ္ဌ ဦးမိုးသော်ကသင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ သင်တန်းသားများကိုယ်စား ဦးဗိုလ်ဗိုလ်ဟိန်းက လက်ခံယူသည်။

တက်ရောက်

သစ်အခြေခံစက်မှုနည်းပညာသင်တန်း သင်တန်းအမှတ်စဉ်(၈)၌ သင်တန်းသား ၂၈ဦးတက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ပြီး သင်တန်းအမှတ်စဉ်(၉)၌ သင်တန်းသား၂၂ဦးတက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဩဂုတ် ၂၇ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးအောင်ကျော် ဦးဆောင်၍ ဘုရင့်နောင်ပွဲရုံခန်း အကျိုးဆောင်အဖွဲ့နှင့် ရပ်ကွက်နေ ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ ရပ်ကွက်အတွင်းရှိစာသင်ကျောင်းများနှင့် လူနေအိမ်ပတ်ဝန်းကျင်များ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းရှင်းခြင်း၊ ဆေးမှုတ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်းများနှင့် ပညာပေး ဟောပြောခြင်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

မရမ်းကုန်းနှင့် ဗဟန်းမြို့နယ်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်

တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းက မရမ်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး အစည်းအဝေး ခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ မရမ်းကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ချိုချိုလွင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းတို့က ရန်ကုန်တိုင်း အတွင်းနှင့် မြို့နယ်အတွင်း သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့် ကြိုတင်ကာကွယ်မှု အခြေအနေများ၊ ရေဝပ်မှု မရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်း ရေးဆောင်ရွက်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း မရမ်းကုန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းက တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားပြီး တိုင်းမှူးနှင့် အဖွဲ့သည် မရမ်းကုန်းမြို့နယ် (၇) ရပ်ကွက် သလ္လာဝတီလမ်းနှင့် ဦးလွန်းမောင်လမ်း တစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ ခြင်ဆေးဖျန်းစက်များ ဖြင့် နေရာလပ်မရှိ ကွက်ပြည့် ခြင်ဆေး ဖျန်းနေမှု၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဆေးစိမ်ခြင်ထောင် လက်တွေ့အသုံးပြု ဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်း ကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှုများ ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

တင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ သည် ဗဟန်းမြို့နယ် အနောက်မြင်းပြိုင် ကွင်းလမ်းရှိ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိလာပြီး အစည်းအဝေးခန်းမ၌ ဗဟန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်အေးအေးမြင့်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်တို့က မြို့နယ် အတွင်း သွေးလွန်တုပ်ကွေးနှင့်ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်မှုနှင့် ဖြစ်ပွားမှုများ၊ ရေစီးရေလာကောင်း မွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို အသီးသီး တင်ပြကြသည်။

ယင်းနောက် တင်ပြချက်များ နှင့် စပ်လျဉ်း၍ တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းက ဖြည့်စွက်မှာကြားပြီး တိုင်းမှူးနှင့်အဖွဲ့သည် ဗဟန်းမြို့နယ် ဆရာစံမြောက်/အရှေ့ရပ်ကွက် အတွင်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက် နေမှုများ၊ ကျန်းမာရေး ပညာပေး ဟောပြောနေမှုများ၊ ဆေးစိမ်ခြင်ထောင် လက်တွေ့အသုံးပြု ဆောင်ရွက်နေမှုများ၊ ခြင်ဆေးဖျန်းစက် အမြောက်အမြား ဖြင့် နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေး ဖျန်းနေမှုများ၊ ရေစီးရေလာ ကောင်း မွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော် ကြီး)အတွက် ကျောင်းအလှူရှင် တာမွေမြို့နယ် ကျောက်မြောင်း ရပ်ကွက် သင်္ဂဟလမ်း အမှတ် ၃၃ နေ ဦးစိန်မြ-ဒေါ်ရီရီ မိသားစု တို့က ကျောင်းအလှူငွေ အမေရိကန် ဒေါ်လာ ၈၀၀ကို အဖွဲ့အထွေထွေ အတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)၏ ရှေ့မှောက်၌ အကျိုး တော်ဆောင် ဦးတင်အောင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

ကျေးလက်ပညာရေး၊ ကျန်းမာရေးအဆင့်မြင့်မားရေးနှင့် သောက်သုံးရေရရှိရေး တိုးချဲ့လုပ်ဆောင်

ရန်ကုန် စက်တင်ဘာ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက မကွေးတိုင်း တောင်တွင်းကြီးမြို့သို့ ရောက်ရှိပြီး မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်အတူ တောင်တွင်းကြီးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမတွင် မြို့နယ်အသင်းအတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အတွင်းရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးကြည်သိန်းတို့က မြို့နယ်နှင့် ကျေးလက် ဒေသတွင်း စည်းရုံးရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ လူမှုရေး၊ ပညာရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း **(အပေါ်ပုံ)** က နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာ ထက်မြက်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပြည်သူလူထုနှင့်ပူးပေါင်း၍ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရေး၊ ကျေးလက် ဒေသ ပညာရေး၊ ကျန်းမာရေး အဆင့်မြင့်မားရေးနှင့် သောက်သုံးရေရရှိရေးစသည် တို့ကို ပိုမိုတိုးချဲ့လုပ်ဆောင်နိုင်ရေး ဆွေးနွေးမှာကြားသည်။

မှာကြား

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ပြည်သူ့အကျိုးပြုလုပ်ငန်းများ စည်းရုံးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆက်လက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ် ၇၄(အေ)နေ ဦးကျော်တင်နှင့်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးညွန့်တို့က လက်ခံယူစဉ်။

(က-ပ)

လောကမှန်ကူ ဆုတောင်းပြည့်စေတီတော် ဘက်စုံမွမ်းမံပြုပြင်ရေး အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၆

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့ လောကမှန်ကူဆုတောင်းပြည့် စေတီတော်မြတ်နှင့် ဓာတ်ပေါင်းစုံသိဒ္ဓိရှင်ရုပ်ပွားတော်မြတ် ဘက်စုံမွမ်းမံပြုပြင် ရေးအတွက် ဒေါ်ခင်အုန်းကြည်အားရည်စူး၍ ဦးတင်စိန်(ထောင်ပိုင်ဝန်-ငြိမ်း)၊ အမှတ် ၂၀ ရာဇသင်္ကြန် ၁ လမ်း ၁၁ ရပ်ကွက် တောင်ဥက္ကလာပက ငွေကျပ် သုံးသိန်း၊ ရန်ကုန်မြို့ ဦးဇော်ဟိန်း-ဒေါ်မြမြဦး(ခ)ဒေါ်မြမြဟန်မိသားစုက ငွေကျပ် တစ်သိန်း၊ ရန်ကုန်မြို့ ဦးဝင်းဌေး-ဒေါ်ခင်မျိုးဝင်းမိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့ ဦးမျိုးသိန်း-ဒေါ်ဝတီစိန်မိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့ ဦးအောင်ဇေယျ-ဒေါ်အေးအေးမော်မိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့ ဦးကျော်ကျော်နိုင်-ဒေါ်မိုးအေး(ခ)ဒေါ်ခိုင်ဇင်ဝေမိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့ ဦးသက်ဝင်း-ဒေါ်ခင်နန္ဒာမိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့ ဦးမောင်မောင်သက်-ဒေါ်ရွှေဝါသင်းမိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့ ဦးဟန်သူ-ဒေါ်တင်ယုခိုင်မိသားစုက ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ၁၁သိန်းကို ဘက်စုံမွမ်းမံပြုပြင်ရေးအဖွဲ့သို့ လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်၊ အတွင်းရေးမှူး ဦးသောင်းမြင့်ဦးနှင့် ဘဏ္ဍာထိန်းဦးသန်းအောင်တို့က လက်ခံယူကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ဦးအောင်တင်မြင့် (ညွှန်ကြားရေးမှူး) တိုင်းမြေစာရင်း ဦးစီးဌာန ဧရာဝတီတိုင်း ပုသိမ်မြို့ ဖုန်း-၀၉-၅၂၀၀၁၂၆၊ ဦးတင်ထွတ်- ဒေါ်တင်တင်မြင့် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၄၁၂၊ ကိုထွန်းထွန်း(ဆန်ကမ္ဘာပွဲရုံ) ရန်ကုန်မြို့ ဖုန်း-၀၁-၆၈၀၆၃၆၊ လောကမှန်ကူစေတီတော်မြတ်ကြီး ဘက်စုံ မွမ်းမံတည်ဆောက်ရေးအဖွဲ့ ကန်ကြီးထောင့်မြို့ ဖုန်း-၀၄၂-၂၄၉၇၆ (လိုင်းခွဲ) ဂေါပကရုံး ဦးသန်းအောင်(ဂေါပက)ကန်ကြီးထောင့်မြို့ ဖုန်း-၀၄၂-၂၄၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုကို ပရိသတ်အားပေးမှုနှင့် ပေါင်းစပ်၍

အနိုင်ယူအောင်ပွဲခံခဲ့သော ချန်ပီယံမြန်မာအမျိုးသမီးဘောလုံးအသင်း

၂၀၀၆ အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ပြီး ပြန်လည်ရောက်ရှိလာသော မြန်မာလက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသူများနှင့်အတူ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

* ကျောဖုံးမှ

လွယ်လွယ်ကူကူ ဆုဖလားရခဲ့ခြင်းမဟုတ်

တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ မြန်မာအသင်း ဗိုလ်စွဲနိုင်ခြင်းဖြစ်၍ ဒုတိယအကြိမ်မြောက်ဗိုလ်စွဲခြင်းဖြစ်ပြီး တစ်ကျော့ပြန်ဗိုလ်စွဲခြင်းဟုလည်း ဆိုနိုင်ပေသည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပထမအကြိမ် ဗိုလ်စွဲစဉ်က ဗီယက်နမ်မြေ၌ အိမ်ရှင်အသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ် ဗိုလ်စွဲသည်မှာ မိမိမြေ၌ ထိုင်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။ ဗိုလ်စွဲသည့် နှစ်ကြိမ်စလုံး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ဗိုလ်စွဲခဲ့ခြင်းကိုကြည့်လျှင် လွယ်လွယ်ကူကူ ဆုဖလားရခဲ့ခြင်းမဟုတ်သည်ကို သိနိုင်ပေသည်။

အမှတ်ပေးစနစ်

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အာဆီယံဒေသတွင်းရှိ နိုင်ငံများမှ လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်ရှစ်သင်းကို လေးသင်းစီပါဝင်သော အုပ်စုနှစ်စုခွဲ၍ အုပ်စုပတ်လည် အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြရသည်။

အုပ်စု(က)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ပါဝင်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်မြန်မာအသင်း၊ ထိုင်းအသင်း၊ စင်ကာပူအသင်းနှင့် လာအိုအသင်းတို့ ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၆ရက်မှ ၁၁ရက်အထိ ကျင်းပခဲ့ရာ အုပ်စုနောက်ဆုံးပွဲစဉ်များကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ညနေ ၃ နာရီခွဲတွင် တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲမှထွက်သွားရ

အုပ်စု(က) ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် ပထမ၊ မလေးရှားအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိသည်။ အင်ဒိုနီးရှားအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်၊ဖိလစ်ပိုင်အသင်းက သုံးပွဲရှုံး အမှတ်မရဘဲ ပြိုင်ပွဲမှထွက်သွားရသည်။

အုပ်စု(ခ) ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် ပထမ၊ ထိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့်ဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိသည်။ လာအိုအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်၊ စင်ကာပူအသင်းက သုံးပွဲရှုံး အမှတ်မရဘဲ ပြိုင်ပွဲမှထွက်သွားရသည်။

ဗိုလ်လုပွဲတက်လှမ်း

အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁၃ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမအကြိုဗိုလ်လုပွဲစဉ်၌ ထိုင်းအမျိုးသမီးဘောလုံးအသင်းက ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲစဉ်၌ မြန်မာအမျိုးသမီးဘောလုံးအသင်းက မလေးရှား အမျိုးသမီးဘောလုံးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။

အသန့်ရှင်းဆုံး အသင်းဆု

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို စက်တင်ဘာ ၁၅ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ တတိယနေရာလုပွဲတွင် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းက မလေးရှားအမျိုးသမီးဘောလုံးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တတိယရရှိသွားသည်။ ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းသည် အသန့်ရှင်းဆုံး အသင်းဆုကိုလည်း ရရှိသွားသည်။

အနိုင်ရဗိုလ်စွဲ

ဗိုလ်လုပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀တွင် ဂိုးမရှိသရေ၊ အချိန်ပိုမိနစ်၃၀တွင် တစ်ဂိုးစီသရေဖြစ်နေ၍ ပယ်နယ်တီ ငါးလုံးစီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရသည်။ ပယ်နယ်တီကန်သွင်းကြရာတွင် မြန်မာအသင်းက လေးဂိုးဝင်ပြီး ထိုင်းအသင်းက တစ်ဂိုးသာဝင်၍ ပဥ္စမမြောက် ပယ်နယ်တီ ကန်သွင်းစရာမလိုတော့ဘဲ မြန်မာအသင်းက စုစုပေါင်း ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားခြင်းဖြစ်သည်။

တစ်ကွင်းလုံးဖုံးလွှမ်း

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ယခုပြိုင်ပွဲ၌ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြကစားနိုင်သည်နှင့်အမျှ ပရိသတ်များ၏အားပေးမှုကလည်း တစ်ပွဲထက်တစ်ပွဲ ပိုမိုများပြားလာပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ဆိုလျှင် သုဝဏ္ဏကွင်း တစ်ကွင်းလုံး ပြည့်လျှံနေခဲ့သည်။ ပရိသတ်များ၏အားပေးမှုမှာ စိတ်လှုပ်ရှားဖွယ်အတိဖြစ်ခဲ့ပြီး"မြန်မာအသင်း ဂိုးသွင်းယူလိုက်ချိန်တွင် မြန်မာ မြန်မာ"ဆိုသော

ထိုးဖောက်ကစား

မြန်မာအသင်းမှ တိုက်စစ်မှူး မာဂရက်မေရီ၏ ထိုးဖောက်ကစားဟန်။ (မြန်မာ့အလင်း)

အသံများ မစဲအောင်ဖြစ်နေပြီး နိုင်ငံတော်အလံများ တစ်ကွင်းလုံး ဖုံးလွှမ်းနေခဲ့သည်။

ဤနေရာတွင် မြန်မာတို့အောင်ပွဲရရှိခြင်းအကြောင်းကို ပြန်လည်သုံးသပ်ကြည့်လျှင် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှု၊ စိတ်ဓာတ်ရေးရာကြံ့ခိုင်ပြီး မည်သည့် အခက်အခဲကို ကြုံတွေ့ရစေကာမူ အောင်ပွဲစခန်း အောင်မြေနန်းသို့ မဖြစ်မနေ အရောက်လှမ်းမည်ဟူသော အောင်စိတ်ဓာတ်ဖြင့် တည်ဆောက်နိုင်မှုတို့ကြောင့်ဖြစ်ကြောင်း အထင်အရှား တွေ့ရမည်ဖြစ်သည်။

စည်းလုံးညီညွတ်မှုအင်အား၏ အကျိုးရလဒ်

ထို့ပြင် ပါဝင်ယှဉ်ပြိုင်ကြသူ အားကစားသမားများနှင့် အားပေးသူ ပရိသတ်ပြည်သူတို့၏ ဟန်ချက်ညီညီ အပြန်အလှန် အားပေးကူညီမှုတို့ကြောင့်လည်း အဆိုပါအောင်ပွဲကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ညွှန်းဆိုရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် စည်းလုံးညီညွတ်မှုအင်အား၏ အကျိုးရလဒ်ဟု ဆိုနိုင်ပေသည်။

မော်ကွန်းတင်ရမည်ဖြစ်

ထို့ကြောင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှု၊ စိတ်ဓာတ်ကြံ့ခိုင်ပြီး အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ရမည်ဟူသော ဖွဲ့စိတ်ခိုင်မာမှု၊ စည်းလုံးညီညွတ်ခြင်းအားကောင်းမှုတို့ကြောင့် ယခုကဲ့သို့ ကမ္ဘာသို့တိုင် ထင်ရှားကျော်ကြားခဲ့ရသည့် အာဆီယံ အမျိုးသမီးဘောလုံးချန်ပီယံဆုကို မြန်မာတို့ ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်ကြောင်း ထပ်လောင်းဖော်ညွှန်း မော်ကွန်းတင်ရမည်ဖြစ်ပေသည်။

ပိုမိုကောင်းမွန်

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အာဆီယံချန်ပီယံဆုဖလားကြီးကို လွယ်လင့်တကူဖြင့် ရရှိခြင်းမဟုတ်သည်ကို ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်များက သက်သေခံနေပေသည်။ မြန်မာအသင်း နှစ်ကျော့ နှစ်လီအနိုင် ယူခဲ့သော ထိုင်းအမျိုးသမီးဘောလုံး အသင်းသည် တစ်ဦးချင်းဘောလုံး ပညာကျွမ်းကျင်မှုနှင့် အသင်းလိုက် နည်းဗျူဟာမြောက်စွာ ကစားနိုင်မှုတွင် ပြိုင်ပွဲဝင်အသင်းများထဲ၌ သိသာထင်ရှားစွာ ပေါ်လွင်နေသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်၌ ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ထိုင်းအသင်းက ကစားကွက်နှင့် တစ်ဦးချင်း ဘောလုံးပညာ ပိုမိုကောင်းမွန်သည်ဟု သုံးသပ်ခဲ့ကြသည်။

ရင်ထဲက သိနေ

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဗိုလ်လုပွဲစဉ်မယှဉ်ပြိုင်မီကဆိုလျှင် ထိုင်းအသင်း၏ ခြေစွမ်းထက်မြက်မှုကို ထည့်သွင်းစဉ်းစားကာ မြန်မာအသင်း ဗိုလ်စွဲပါ့မလားဟု ဒွိဟဖြစ်ခဲ့ကြရသည်။ သို့သော်လည်း မြန်မာအမျိုးသမီးအသင်း၏စိတ်ဓာတ်ရေးရာ မြင့်မားမှု၊ စိတ်ဓာတ်တည်ငြိမ်မှုနှင့် အသင်းလိုက် စည်းလုံးညီညွတ်စွာ ကစားနိုင်မှုတို့ကို ပွဲစဉ်တိုင်း၌ မျက်ဝါးထင်ထင်မြင်ခဲ့ကြပြီးဖြစ်ရာ သေချာပေါက် အနိုင်ယူမည်ကို ရင်ထဲက သိနေကြသည်။

ဝမ်းသာကြည်နူး

မြန်မာအမျိုးသမီး ဘောလုံးအားကစားသမားများနှင့် ပရိသတ်များ ဤသို့ အပြန်အလှန် လက်ပြနှုတ်ဆက် အောင်ပွဲခံပျော်မြူးခဲ့ကြသည်။ (မြန်မာ့အလင်း)

အတွဲညီညီကစားခဲ့

မြန်မာအသင်းသည် နောက်ဆုံးဗိုလ်လုပွဲစဉ်၌ ပြိုင်ဘက်ထိုင်းအသင်းကို အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်ဖြင့် နိုင်ကိုနိုင်ရမည်ဟူသော အောင်စိတ်မွေးကာ ယှဉ်ပြိုင် ကစားခဲ့သည်မှာ ထင်ရှားလှပေသည်။ မြန်မာအသင်း ဂိုးသမား မေခင်ယမင်းသည် ပွဲစဉ်တစ်လျှောက် လက်စွမ်းပြ ပွဲစဉ်၌လည်း ထိုင်းအသင်း ကန်သွင်းသော သေချာ ပိုင်ပိုင် တိကျသေချာသော လှုပ်ရှားမှုဖြင့်ကာကွယ် ကာကွယ်ပေးခဲ့သည်။ မြန်မာအသင်း၏ နောက်တန် မော်၊ စန်းစန်းသိန်း၊ မိုးမိုးဝါတို့က ကျောက်ေ ကြံ့ကြံ့ခံ ကာကွယ်နိုင်ပြီး အလယ်တန်းမှ အေး တို့ကလည်း တိုက်စစ်နှင့်ခံစစ်တို့ကို အတွဲညီညီ သည်။

ယှဉ်ပြိုင်ကစားခဲ့

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အု ငါးပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ၁၇ ဂိုးသွင်းယူကာ တ မြန်မာအသင်းအတွက် အေးနန္ဒာလှိုင်နှင့် ဇင်မာဝမ်းတို မာဂရက်မေရီနှင့် ခင်မိုးဝေတို့က နှစ်ဂိုးစီ၊ မိုးမိုး သွင်းယူခဲ့ကြသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်း

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ၂၀၀၇ခုနှစ် အာဆီယံဘောလုံးအဖွဲ့ချုပ် တွေ့ဆုံဆွေးနွေးပွဲတ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံ ကျင်းပခွင့်ပြုသည့် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ အမျိုးသားလက်ရွေးစင်အသင်းများ၏ နိုင်ငံတကာ လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲမျာ နိုင်ငံတကာ အမျိုးသမီးဘောလုံးပြိုင်ပွဲကိုမူ လက်

ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင ဘောလုံးပြိုင်ပွဲကို အာဆီယံဒေသတွင်း၌ ကျင်းပ အဆင့်အတန်းမီစွာကျင်းပ နိုင်ခဲ့ခြင်းမှာ ဂုဏ်ယူဖွ အကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို တာဝန်ယူဆောင်ရွက်ခဲ့သည့် မလေးရှားလူမျိုး ဒါ ယခုပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အနိုင်ရလိုစိ အထူးကောင်းမွန်ကြောင်း ချီးကျူးပြောကြားခဲ့သ

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပွဲ ဆိုသကဲ့သို့ ၂၀၀၅ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့ ပြီးဆုံးသည့်အချိန်မှ စတင်၍ လေ့ကျင့်မှုများပြုလုပ် နီးကပ်လာသည်နှင့်အမျှ အသင်းလိုက် ညီညွတ်

မြန်မာနှင့် ထိုင်း ဗိုလ်လုပွဲစဉ်ကို တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည့် ပရိသတ်များ၏ အားတက်ဖွယ်မြင်ကွင်း။

မေခင်ယမင်းသည် ပွဲစဉ်တစ်လျှောက် လက်စွမ်းပြကာကွယ်နိုင်ခဲ့သလို ဗိုလ်လုပွဲစဉ်၌လည်း ထိုင်းအသင်း ကန်သွင်းသော သေချာပေါက်ဂိုးများကို ဆုံးဖြတ်ချက်ပိုင်ပိုင် တိကျသေချာသော လှုပ်ရှားမှုဖြင့်ကာကွယ်ခဲ့ပြီး ပယ်နယ်တီဂိုးကိုလည်း ကာကွယ်ပေးခဲ့သည်။ မြန်မာအသင်း၏ နောက်တန်းလူများဖြစ်ကြသော စန်းစန်းမော်၊ စန်းစန်းသိန်း၊ မိုးမိုးဝါတို့က ကျောက်ဆောင်ကျောက်သား အလားကြံ့ကြံ့ခံ ကာကွယ်နိုင်ပြီး အလယ်တန်းမှ အေးနန္ဒာလှိုင်နှင့် သန်းသန်းထွေးတို့ကလည်း တိုက်စစ်နှင့်ခံစစ်တို့ကို အတွဲညီညီ အတက်အဆင်း ကစားခဲ့ကြသည်။

ယှဉ်ပြိုင်ကစားခဲ့

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲစဉ်အထိ ငါးပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ၁၇ ဂိုးသွင်းယူကာ တစ်ဂိုးသာ အသွင်းခံခဲ့ရသည်။ မြန်မာအသင်းအတွက် အေးနန္ဒာလှိုင်နှင့် ဇင်မာဝမ်းတို့က လေးဂိုးစီ၊ ခင်မာလာထွန်း၊ မာဂရက်မေရီနှင့် ခင်မိုးဝေတို့က နှစ်ဂိုးစီ၊ မိုးမိုးဝါနှင့် စုစုဝေတို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ပြု

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ၂၀၀၇ခုနှစ် နှစ်ဆန်းပိုင်း၌ ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ် တွေ့ဆုံဆွေးနွေးပွဲတွင် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ပြုသည့် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ယခင်က မြန်မာနိုင်ငံတွင် အမျိုးသားလက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲနှင့် လူငယ်အမျိုးသား လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများကိုသာ လက်ခံကျင်းပခဲ့ပြီး နိုင်ငံတကာ အမျိုးသမီးဘောလုံးပြိုင်ပွဲကိုမူ လက်ခံကျင်းပနိုင်ခြင်း မရှိချေ။

(ယူ–၁၄)ဘောလုံးအသင်း၊ (ယူ–၁၉)အမျိုးသမီးအသင်း၊ လက်ရွေးစင်ဟောင်းကြီးများအသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအမျိုးသမီးဘောလုံး အသင်းသည် ကြံ့ခိုင်မှုရှိရေးအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်ရာတွင် ကုန်ခန်းသွားသည့် အားအင်များ ပြန်လည် ဖြည့်စွမ်းနိုင်ရေးအတွက် တာဝန်ရှိသူများက အင်အားဖြည့်အာဟာရများ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့၍ ယခုပြိုင်ပွဲ၌ ပွဲချိန်အစအဆုံး ကြံ့ခိုင်မှုနှင့်သက်လုံမကျဘဲ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ခြင်း ဖြစ်သည်။

တာဝန်ယူဆောင်ရွက်

တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးစိုးမြင့်လွင်(နည်းစနစ်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး (ကာကွယ်ရေး)၊ လက်ထောက် နည်းပြအဖြစ် ဦးချစ်နိုင် (အား/ကာဦးစီးဌာန)၊ ဂိုးနည်းပြအဖြစ် ဦးကျော်တင့်(အား/ကာဦးစီးဌာန)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာမော်လီချစ်(အား/ကာဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ပါဝင်

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း(ပြည်ထဲရေး)၊ သင်းသင်းစိုး(ပို့ဆောင်ရေး)၊ **(နောက်တန်း)** မြင့်မြင့်အေး၊ မိုးမိုးဝါ(ပို့ဆောင်ရေး)၊ ရွှေစင်အောင်(စက်မှု–၁)၊ စန်းစန်းသိန်း၊ စန်းစန်းမော်၊ စိမ်းချိုအောင် (ပြည်ထဲရေး)၊ **(အလယ်တန်း)** စုစုဝေ၊ ခင်မိုးဝေ (ပြည်ထဲရေး)၊ စန်းယုနိုင်၊ သန်းသန်းထွေး၊ အေးနန္ဒာလှိုင် (ပို့ဆောင်ရေး)၊ ငြိမ်းငြိမ်းအိ(ရန်ကုန်တိုင်း)၊ **(ရှေ့တန်း)** မိုင်နီလာထွေး (ပြည်ထဲရေး)၊ ခင်မာလာထွန်း(အား/ကာ သိပ္ပံ မန္တလေး)၊ ဇင်မာဝမ်း၊ မာဂရက်မေရီ (ပို့ဆောင်ရေး) တို့ ပါဝင်ကြသည်။

ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို အာဆီယံဒေသတွင်း၌ ကျင်းပနေသည့် ပြိုင်ပွဲများနည်းတူ အဆင့်အတန်းမီစွာကျင်းပ နိုင်ခဲ့ခြင်းမှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲ ကြီးကြပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် မလေးရှားလူမျိုး ဒါတိုရက်ပ်က မြန်မာနိုင်ငံသည် ယခုပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ကြောင်းနှင့် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အနိုင်ရလိုစိတ်ပြင်းပြပြီး ခံစစ်ကစားပုံများ အထူးကောင်းမွန်ကြောင်း ချီးကျူးပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပွဲမဝင်မီ အပြင်က လေ့ကျင့်ဆိုသကဲ့သို့ ၂၀၀၅ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲပြီးဆုံးသည့်အချိန်မှ စတင်၍ လေ့ကျင့်မှုများပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ပြိုင်ပွဲရက်နီးကပ်လာသည်နှင့်အမျှ အသင်းလိုက် ညီညွတ်မှုရှိစေရန် အား/ကာသိပ္ပံမှ

(မြန်မာ့အလင်း)

ထွန်း(အား/ကာ သိပ္ပံ မန္တလေး)၊ ဇင်မာဝမ်း၊ မာဂရက်မေရီ (ပို့ဆောင်ရေး) တို့ ပါဝင်ကြသည်။

နိုင်ငံတကာဘောလုံးပြိုင်ပွဲတစ်ရပ်၌ တစ်ဦးချင်းဘောလုံးပညာကျွမ်းကျင်မှုနှင့် နည်းစနစ်ကျွမ်းကျင်မှုတို့ဖြင့်သာ ဗိုလ်စွဲနိုင်မည်မဟုတ်ဘဲ စိတ်ဓာတ်ရေးရာ မြင့်မားမှုနှင့်စည်းလုံးညီညွတ်မှုရှိရန်လည်း အရေးကြီးကြောင်းကို မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အောင်ပွဲက သက်သေပြလိုက်ခြင်း ဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်း၏ စိတ်ဓာတ်ရေးရာမြင့်မားမှု၊ ကြိုးစားအားထုတ်မှုနှင့် တည်ငြိမ်စွာကစားနိုင်မှုတို့သည် ဂုဏ်ယူချီးကျူးဖွယ်ရာပင်ဖြစ်သည်။

သမိုင်းမှတ်တိုင်

မြန်မာပရိသတ်တို့၏ မျိုးချစ်စိတ်ဓာတ်ဖြင့် အားပေးမှု၊ အမျိုးသားရေးအားမာန်များသည်လည်း အောင်မြင်မှုပန်းတိုင်သို့လှမ်းချီရာ၌ ခွန်အားတစ်ရပ်ဖြစ်ကြောင်းလည်း ထင်ရှားခဲ့ချေပြီ။ မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အောင်မြင်မှုသည် မြန်မာတို့၏ အားမာန်ကို ထင်ဟပ်ဖော်ကျူး ပြသနိုင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

မြန်မာအသင်းသည် နောက်ဆုံး ဗိုလ်လုပွဲစဉ်၌ ပြိုင်ဘက် ထိုင်းအသင်းကို အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်ဖြင့် နိုင်ကိုနိုင်ရမည်ဟူသော အောင်စိတ်မွေးကာ ယှဉ်ပြိုင်ကစားခဲ့သည်မှာ ထင်ရှား။

အောင်ပွဲရမြန်မာအမျိုးသမီးဘောလုံးအသင်းမှ အားကစားသမားများနှင့် တွေ့ဆုံမေးမြန်းခြင်း

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုဖလားဆွတ်ခူးရရှိခဲ့သော ဂိုးသမား မေခင်ယမင်း၊ နောက်တန်းလူများ ဖြစ်ကြသည့် စန်းစန်းမော်နှင့် စန်းစန်းသိန်း၊ အလယ်တန်းလူများဖြစ်ကြသည့် အေးနန္ဒာလှိုင်နှင့် သန်းသန်းထွေးတို့အား မြန်မာ့အလင်းသတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

မေခင်ယမင်း

မေး– ဂိုး သမားတစ်ဦး ရဲ့ အဓိက အခန်းကဏ္ဍက ဘာ ဖြစ်မလဲ။

ဖြေ– ယုံကြည်မှုပါ။

မေး– အခုလို အစွမ်းပြနိုင်အောင် ဘယ်လို ကြိုးစားခဲ့ပါသလဲ။

ဖြေ– ဆရာတွေရဲ့ သင်ကြားပြသမှုကိုလိုက်နာပြီး ကိုယ့်ကြောင့် ဂိုးမပေးရအောင် ကြိုးစားခဲ့တာကြောင့်ပါ။

မေး– ပယ်နယ်တီဖမ်းရမယ်ဆိုတော့။

ဖြေ– ပယ်နယ်တီကန်ရမယ်ဆိုတော့ နိုင်မယ်လို့ယုံကြည်တယ်။ စိုးရိမ်စိတ်မရှိဘူး။

မေး– ထိုင်းတိုက်စစ်မှူးတွေက ဒုက္ခပေးနိုင်ခဲ့လား။

ဖြေ– ကောင်းကောင်း ဒုက္ခပေးနိုင်ခဲ့ပါတယ်။ အဓိကကတော့ အပေါ်ဘော တွေပါ။

မေး– ထိုင်းနဲ့ပွဲမှာ ပေးလိုက်ရတဲ့ဂိုးက။

ဖြေ– ကိုယ့်ရဲ့ဆုံးဖြတ်ချက် မှားသွားတယ်။ ထွက်ပြီးတော့ ပုတ်ထုတ်ရမယ့်အလုံးကို နောက်တန်းရှိနေလို့ ပြန်တုံ့လိုက်တဲ့အချိန်မှာ နောက်ကျသွားတယ်။

မေး– ဘောလုံးကစားမယ် စိတ်ကူးတော့ ဂိုးသမားပဲလား?။

ဖြေ– ကစားချင်တာက ရှေ့တန်းပါ။ ကျောင်းအုပ်ဆရာမကြီးက ဂိုးဖမ်းခိုင်းလို့ ဂိုးသမားဖြစ်ခဲ့ရတာပါ။

သန်းသန်းထွေး

မေး– ကွင်းထဲကို ဝင် သွားတဲ့ အခါ အဓိက ဘာ ကို အာရုံ စိုက်လဲ။

ဖြေ– ဘော လုံးပွဲထဲ မှာပဲ အာရုံ ရှိတယ်၊ အခြား ဘာ အာရုံမှ မရှိဘူး။

မေး– ဘာကြောင့် ဒီပွဲကျမှပိုပြီး ခြေစွမ်းပြတာလဲ။

ဖြေ– အိမ်ရှင်ဖြစ်တဲ့အတွက် အရင်ကထက်ပိုပြီး ကြိုးစားတာကြောင့်ပါ။

မေး– အခုကစားနေရတဲ့နေရာက အသစ်အဆန်း ဖြစ်နေလား။

ဖြေ– မဖြစ်ပါဘူး၊ နှစ်နေရာကစားတတ်ပါတယ်။ ညာအစွန်နဲ့ အလယ် နှစ်နေရာ ကစားတတ်ပါတယ်။

မေး– ပရိသတ်အားပေးမှုကြောင့် ဘယ်လိုခံစားရလဲ။

ဖြေ– ပရိသတ်ကအားဆေးပါ။ ပရိသတ်ရဲ့အားပေးမှုကြောင့် ပိုအားရှိပါတယ်။

မေး– အခုလို နိုင်ငံ့ကိုယ်စားပြုပြီး ခြေစွမ်းပြနိုင်တာ ဘာကြောင့်လဲ။

ဖြေ– နည်းပြဆရာတွေရဲ့ သင်ကြားမှုကို ကြိုးစားလိုက်နာပြီး စည်းကမ်းတကျ လေ့ကျင့်ခဲ့လို့ပါ။

အေးနန္ဒာလှိုင်

မေး– ထိုင်း နဲ့ အုပ် စု ပွဲမှာ ခြေစွမ်း မပြနိုင် ခဲ့ တာ ဘာကြောင့်လဲ။

ဖြေ– အဝါကတ် ထိထားတော့ နောက်တစ်ဝါ ထပ်ထိမှာဆိုတဲ့ စိုးရိမ်စိတ်ရှိနေတာကြောင့်ပါ။

မေး– မလေးရှားနဲ့ပွဲမှာ လူစားလဲခံရတော့ ရင်ထဲမှာ ဘယ်လိုခံစားရလဲ။

ဖြေ– ဘယ်လိုမှမခံစားရပါဘူး၊ အသင်းကောင်းဖို့လုပ်တာ ဆိုတော့ လက်ခံရမှာပဲလေ။

မေး– အလွတ်တည်ကန်ဘောကန်ရင် တိုက်ရိုက်ဂိုးထဲကန် မယ် စိတ်ကူးလား။

ဖြေ– ရာခိုင်နှုန်းအားဖြင့် ၈၀ လောက်တော့ ဂိုးထဲကန်ဖို့ စိတ်ကူးပါတယ်။

မေး– ဗိုလ်လုပွဲမှာကစားနေရင်း ဖြစ်ပေါ်လာတဲ့ ခံစားမှုကိုပြောပါ။

ဖြေ– ၂၀၀၅ နောက်ပိုင်းမှာ ရှုံးပွဲတွေကြုံနေတာဆိုတော့ မဖြစ်မနေ ရအောင်ယူမယ်ဆိုတဲ့စိတ်နဲ့ ကစားတယ်။

မေး– ဒီပြိုင်ပွဲမှာ အနိုင်ရတာဘယ်အသင်းကို အနိုင်ရတာ အရသာအရှိ ဆုံးလဲ။

ဖြေ– ထိုင်းကိုနိုင်တာ အရသာအရှိဆုံးပဲ။ နှစ်ခါနိုင်တော့ ပိုအရသာရှိတာပေါ့။

စန်းစန်းမော်

မေး– ဘယ် လို ခံစားရလဲ။

ဖြေ– ပြော မ ပြတတ်အောင် ခံ စား ရ တယ်။

မေး– က စား ခဲ့ တာ အားရ မှုရှိလား။

ဖြေ– အားရမှု ရှိ ပါတယ်။

မေး– ကစားဖော်တွေအပေါ် စိတ်တိုင်းကျမှုရှိပါသလား။

ဖြေ– စိတ်တိုင်းကျမှုရှိပါတယ်။ နောက်ဆုံးပွဲဆိုရင် ပိုပြီး စိတ်တိုင်းကျပါတယ်။

မေး– ပယ်နယ်တီကန်ရတဲ့ စာရင်းထဲမှာပါလား။

ဖြေ– ငါးယောက်မြောက်ကန်ရတဲ့အထဲမှာ ပါပါတယ်။

မေး– ထိုင်းကိုနိုင်ခဲ့တဲ့ အဓိကအချက်က ဘာကြောင့်လို့ ထင်လဲ။

ဖြေ– အဓိကကတော့ နည်းပြဆရာရဲ့ သင်ကြားပြသမှု အတိုင်းလိုက်နာပြီး အသင်းလိုက်စည်းလုံးညီညွတ်မှု ရှိတာရယ်၊ ပရိသတ်အားပေးမှုရှိတာရယ်ကြောင့် နိုင်တာပါ။

မေး– ထိုင်းအသင်းနဲ့ အုပ်စုပွဲမှာကစားရတာနဲ့ ဗိုလ်လုပွဲမှာ ကစားရတာ ဘယ်ပွဲက ပိုခက်ခဲလဲ။

ဖြေ– ဗိုလ်လုပွဲက ပိုခက်ခဲတယ်။ ချန်ပီယံဆုဖလားလုရတာဆိုတော့ နှစ်သင်းစလုံး ရေကုန်ရေခန်း ကစားကြတယ်။

စန်းစန်းသိန်း

မေး– ဘယ် ပွဲ အခက်ဆုံးလဲ။

ဖြေ– ထိုင်း နဲ့ ကစားတဲ့ ပွဲ တွေ ခက် ခဲ ပါ တယ်။ ကိုယ် က Marking သမား ဆိုတော့ ခက်တာပေါ့။

မေး– ပယ်နယ်တီကန်ခါနီး ခံစားချက်။

ဖြေ– ရှေ့ကလူတွေ ဂိုးဝင်တာကြည့်ပြီး ကိုယ်လဲဝင်ရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ကန်ခဲ့တာပါ။

မေး– တိုက်စစ်မှူးတွေထဲမှာ ဘယ်သူ့ကိုကြိုက်လဲ။

ဖြေ– ထိုင်းအသင်းက ကျောနံပါတ်(၁၃)ကိုကြိုက်ပါတယ်။

မေး– ပရိသတ်အားပေးမှုက ဘယ်လိုအကျိုးသက်ရောက်လဲ။

ဖြေ– ကစားရတာ ပိုပြီးအားရှိတာပေါ့။

မေး– မြန်မာအသင်းကစားတာ ဘယ်ပွဲကိုအကြိုက်ဆုံးလဲ။

ဖြေ– ဗိုလ်လုပွဲကစားတာ အကြိုက်ဆုံးပဲ။

မေး– ထိုင်းအသင်းက ပိုကောင်းလာမယ်မထင်ဘူးလား။

ဖြေ– ထိုင်းအသင်းကောင်းသလို မြန်မာအသင်းရဲ့ မျိုးဆက် သစ်တွေကလဲ ကောင်းပါတယ်။

မေး– ဆုဖလားကြီးရတော့ အိပ်မက်လိုဖြစ်နေလား။

ဖြေ– အိပ်မက်လိုပဲဖြစ်နေတယ်။ အရင်ကလဲ မျှော်မှန်းပြီး သားဆိုတော့ ဘာနဲ့မှမတူအောင်ဝမ်းသာတယ်။ ။

(မြန်မာ့အလင်း)

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ တွင် အီရတ်စစ်ဆန့်ကျင်ရေး ဆန္ဒပြနေသူများအား စက်တင်ဘာ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော် ရည်မှန်းချက်(၈)ရပ် အင်ဒိုနီးရှားက အကောင်အထည်ဖော်မည်

ဂျကာတာ စက်တင်ဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံက လာမည့်၁၀နှစ်အတွင်းတွင် အဓိကရည်မှန်းချက်ကြီး(၈)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက စက်တင်ဘာ ၁၂ရက်တွင် ပြောကြားလိုက်သည်။

အင်ဒိုနီးရှားသမ္မတက ပါဂျာဂျာရန် တက္ကသိုလ်နှစ်(၅၀)ပြည့် အခမ်းအနားၛ အထက်ပါမိန့်ခွန်းအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကိုးကားလျက်

နိုင်ငံတော် ရည်မှန်းချက်ကြီး (၈)ရပ်တွင် ပထမ ရည်မှန်းချက်မှာ ပြည်သူတို့၏ ဆင်းရဲမွဲတေမှုနှုန်း လျှော့ချရေးပင် ဖြစ်ကြောင်း သမ္မတ ယူဒိုယိုနို၏ မိန့်ခွန်းကို ကိုးကားလျက် အင်တာရာသတင်းဌာနက ကြေညာသည်။

ဖန်တီးပေး

ဒုတိယရည်မှန်းချက်မှာ ဆင်းရဲ မွဲတေမှု လျှော့ပါးရေး၊ အခြားကြိုးပမ်း ချက်တစ်ခုဖြစ်သည့် ကြီးထွားလာ သော အလုပ်သမားအင်အားစုကို အလုပ်အကိုင်များပေးနိုင်ရန် အလုပ် အကိုင်သစ်များ ဖန်တီးပေးရေးဖြစ် သည်။

အကောင်အထည်ဖော်

တတိယ ရည်မှန်းချက်မှာ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုကဏ္ဍိုင်များကို အခြေပြုပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရမည်ဟူသော ရည်မှန်းချက်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရိက္ခာဖူလုံရေး၊ စွမ်းအင်ဖူလုံရေး၊ ကောင်းမွန်သည့် စီမံခန့်ခွဲမှု၊ ဘေးကင်းသော ပြည်တွင်းပတ်ဝန်းကျင် ဖန်တီးရေး၊ ဒေသဆိုင်ရာ အစိုးရများ၏ အခန်းကဏ္ဍ ပိုပြင်ခိုင်မာရေး တည်းဟူသော ရည်မှန်းချက်(၅)ရပ်ကိုလည်း အကောင်အထည်ဖော်မည် ဖြစ်ကြောင်း သမ္မတ၏မိန့်ခွန်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ယခုနှစ်၌ ပြင်သစ်စီးပွားရေး တိုးတက်ရန် ဆောင်ရွက်သွားမည်

ပါရီ စက်တင်ဘာ ၁၆

ပြင်သစ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုသည် ယခုနှစ်၌ ၂ရာခိုင်နှုန်းနှင့် ၂ဒသမ၅ရာခိုင်နှုန်းအကြားသာ တိုးတက်လိမ့်မည်ဟု ပြင်သစ်နိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ခရစ်စတင်းလာဂါဒီက စက်တင်ဘာ ၁၃ရက်၌ ပြောကြားသည်။

လုပ်ဆောင်သွားမည်

ပြင်သစ်အစိုးရအဖွဲ့အစည်းအဝေးကို တက်ရောက်ပြီးနောက် ခရစ်စတင်းလာဂါဒီက ပြောကြားရာတွင် မိမိတို့နိုင်ငံ၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာစေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့်မူဘောင်အတွင်းမှ လုပ်ဆောင်သွားမည်ဟု ခရစ်စတင်းလာဂါဒီက ပြောကြားသည်။

ပိုမိုတိုးတက်

ပြင်သစ်နိုင်ငံ၏ စီးပွားရေးမှာ လက်ရှိထက် ၂ဒသမ၄ရာခိုင်နှုန်း တိုးတက်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် ၁ဒသမ၉ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ပိုမိုတိုးတက်ရန် အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ်မှ ပြည်ပပို့ကုန်များ ဥရောပနိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိ

ဟန်နွိုင်း စက်တင်ဘာ ၁၆

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံမှ ဥရောပနိုင်ငံများသို့ တင်ပို့ကုန်များနှင့် ပတ်သက်၍ ခန့်မှန်းတွက်ချက်မှုအရ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံရရှိနိုင်ကြောင်း၊ နှစ်ချင်းအလိုက် တိုးမြင့်မှုမှာ ၂၃ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း ဒေသဆိုင်ရာ ယုသ်သတင်းစာက စက်တင်ဘာ ၁၂ ရက်တွင် ဖော်ပြသည်။

ဥရောပနိုင်ငံများသို့ ပြည်တွင်းတင်ပို့ကုန်များမှာ ပင်လယ်အစားအစာ၊ ပရိဘောဂများ၊ အဝတ်အထည်၊ ရော်ဘာ၊ စက်ကိရိယာများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းများဖြစ်ကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းများအရ ကောက်နုတ်ဖော်ပြသည်။ ယခုနှစ် ပထမရှစ်လအတွင်း ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းများမှ ဝင်ငွေခြောက်ဘီလီယံရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံမှ ပြည်ပဈေးကွက်ဝင်နိုင်ငံမှာ အမေရိကန်ဖြစ်ပြီး အခြားဥရောပနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ်မှ ပြည်ပနိုင်ငံသို့တင်ပို့မည့် ရေထွက်ကုန်ပစ္စည်းများကို စက်တင်ဘာ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိုလံပစ်အားကစားပွဲ၌ နေစွမ်းအင် သုံးစွဲမည်

ပေကျင်း စက်တင်ဘာ ၁၆

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ် အားကစားပွဲ ကျင်းပစဉ်အတွင်း နေစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမည် ဖြစ်ကြောင်း တရုတ်အစိုးရ ထိပ်တန်းအရာရှိတစ်ဦးက ထုတ်ဖော် ပြောကြားသည်။

အသုံးပြု

အိုလံပစ်အားကစား ပွဲကျင်းပရာနေရာများတစ်ဝိုက် ထွန်းညှိပေးမည့် လမ်းဘေးမီးတိုင်များ၏ ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ နေစွမ်းအင်ကို အသုံးပြုမည်ဟု အဆိုပါ အရာရှိက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကျူးဘား၌ ခရီးသည်တင်လေယာဉ် အရေးပေါ် ဆင်းသက်ခဲ့ရ

ဟာဗားနား စက်တင်ဘာ ၁၆

ကျူးဘားနိုင်ငံ ကပ်ဟစ်တန်ပြည်နယ်၌ စက်တင်ဘာ ၁၃ရက်က ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း လေကြောင်းဆိုင်ရာ အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

ပျက်စီး

ခရီးသည်တင်လေယာဉ်သည် ပေါတ်ယူပရင့်ပြည်နယ်မှ ကပ်ဟစ်တန်ပြည်နယ်သို့ပျံသန်းလာစဉ်အတွင်း ကပ်ဟစ်တန်ပြည်နယ်မြောက်ပိုင်း၌ အရေးပေါ် ဆင်းသက်ခဲ့ရသည်။ အဆိုပါလေယာဉ်မှာ ဆိုးဆိုးရွားရွား ပျက်စီးခဲ့ပြီး ခရီးသည်လေးဦးနှင့် လေယာဉ်မှူးများမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

ယင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်၌ အကြမ်းဖက်မှု တာလီဘန် ၁၀ ဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၁၆

အာဖဂန်နစ္စတန်တောင်ပိုင်း၌ စက်တင်ဘာ ၁၅ရက်က အာဖဂန်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

သေဆုံး

ထိုစဉ်အတောအတွင်း အာဖဂန်အရှေ့ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပိုလန်တွင် ဘိန်းဖြူ ကီလို ၁၂၀ခန့် ဖမ်းမိ

ဝါဆော စက်တင်ဘာ ၁၆

ပိုလန်နိုင်ငံတွင် စက်တင်ဘာ၁၃ရက်က ယူကရိန်းနိုင်ငံမှ နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လာသော ကုန်တင်ကားတစ်စီးအတွင်း သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူကီလို ၁၂၀နီးပါးကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း ယင်းနိုင်ငံ၏ မူးယစ်ဆေးဝါးဖမ်းဆီးခဲ့မှုများအနက် အကြီးမားဆုံးတစ်ခုအပါအဝင်ဖြစ်သည်။

ဖမ်းဆီးမိ

အမေရိကန်ဒေါ်လာကိုးသန်းခန့်တန်ဖိုးရှိ ဘိန်းဖြူများကို အိတ်ပေါင်း ၂၇၀ခန့်ဖြင့် ထုပ်ပိုးထားကြောင်း၊ ပိုလန်အရှေ့ပိုင်း ဟရီဘင်န်နီနယ်စပ်တွင် ယင်းကားကို ရဲတပ်ဖွဲ့က ဓာတ်မှန်ရိုက်စစ်ဆေးရာမှ ကားခေါင်းခန်းအောက် အကန့်ထဲတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ အသက်၄၁နှစ်ရှိ အဆိုပါယာဉ်မောင်းအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ လေးဒေါင့်ကန်မီးသတ်စခန်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လေးဒေါင့်ကန်မီးသတ်စခန်းရှိ အဆောက်အအုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးသည် မီးသတ်ယာဉ်ကြွဲခိုင်မှုအခြေအနေနှင့် စခန်းအတွင်းရှိ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးသတ်ယာဉ်ကြွဲခိုင်ရေးကို အမြဲမပြတ်စစ်ဆေးဆောင်ရွက်ရေး၊ စခန်းနှင့်အိမ်ရာဝန်းကျင်တို့၌ သန့်ရှင်းသပ်ရပ်စေရေးနှင့် နှစ်ရှည်သီးနှံပင်များ၊ ပန်းအလှပင်နှင့် စားဖိုဆောင်သီးနှံပင်များ စိုက်ပျိုးသွားရေး၊ ဝန်ထမ်းအိမ်ရာများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် စနစ်တကျတည်ဆောက်သွားရေးမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ

၁၇–၉–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

❒ **ကျောဖုံးမှ**

ရှေးဦးစွာ တိုင်းမှူးနှင့်ဝန်ကြီးတို့အား တာဝါတိုင်အနီး ရှင်းလင်းခန်းမတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးစောဝင်းမောင်နှင့် စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်တို့က တာဝါတိုင်အနီး မြစ်ရေတိုးမြှင့်၍ ရေနက်စီးကြောင်းပြောင်းလဲစီးဆင်းနေမှုအခြေအနေများ၊ မြစ်ကမ်းပါးမြေပြိုကျမှုများ ကာကွယ်တားဆီးနိုင်ရေးအတွက် သဲမွေ့ရာ (Sand Matress) ချခြင်းလုပ်ငန်းများ၊ မြစ်ကမ်းပါး ရေတိုက်စားမှုအရှိန်လျော့နည်းစေရန် ကိုင်းမွေ့ရာ (Willow Matress) ချခြင်းလုပ်ငန်းနှင့် ဝါးဖောင်ဖွဲ့၍ ရေပေါ်ရေကာငယ်ပြုလုပ်တားဆီးဆောင်ရွက်နေမှုနှင့် တာဝါတိုင်အနီး မြစ်ကမ်းပါး ထပ်မံမြေပြိုကျမှုမဖြစ်စေရေးအတွက် ရေရှည်ကာကွယ်ထိန်းသိမ်း ဆောင်ရွက်သွားမည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်စေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်သိန်းက တာဝါတိုင်အမှတ်–၁၄၇အနီး မြစ်ကမ်းပါး မြေအခြေအနေ၊ မြစ်ရေစီးနှုန်းအခြေအနေ၊ ရေနက်စီးကြောင်း ပြောင်းလဲလာမှုအခြေအနေများ ရေရှည်ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အိုလံပစ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းက မြစ်ကျော်တာဝါတိုင်များ ရေရှည်တည်တံ့နေစေရေးနှင့် တာဝါတိုင်အောက်ခြေအား ရေတိုက်စားမှု နည်းပါးစေရေးအတွက် ဒီဇိုင်းအင်ဂျင်နီယာများဖြင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စနစ်တကျထိန်းသိမ်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့က ရှင်းလင်းတင်ပြချက်များအပေါ် တာဝါတိုင် ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အတွေ့အကြုံနှင့် နည်းပညာများပေါင်းစပ်ပြီး စနစ်တကျ ကာကွယ်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ယခုမြစ်ကျော်တာဝါတိုင်စီမံကိန်းများသည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းသို့ လျှပ်စစ်ဓာတ်အား ဆက်သွယ်ဖြန့်ဖြူးပေးနိုင်မှုများအတွက် အသက်သွေးကြောပမာ အရေးကြီးသော စီမံကိန်းလုပ်ငန်းကြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ မျှော်မှန်းချက်ရည်မှန်းချက်များအောင်မြင်ဖြစ်ထွန်းစေရေးအတွက် အပင်ပန်းခံ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြစ်ကျော်တာဝါတိုင် အခြေအနေ၊ မြစ်ကမ်းပါးကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ယာဉ်စက်ယန္တရားများ အသုံးပြု၍ ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှုနှင့် မြစ်ရေစီးကြောင်း ပြောင်းလဲစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများအားဗိုလ်မြတ်ထွန်းတံတားရှင်းလင်းခန်းမဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်စေရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းအောင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မအူပင်ခရိုင် အင်ဂျင်နီယာမှူး ဦးသိန်းဦးတို့က ဗိုလ်မြတ်ထွန်းတံတား အောက်ခြေတိုင်များ ခိုင်ခံ့တည်မြဲနေစေရန်နှင့် မြစ်ရေစီးကြောင်း ပြောင်းလဲသွားစေရန်အတွက် ရေရှည်ကာကွယ် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်စေရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်သိန်းက ဗိုလ်မြတ်ထွန်းတံတား ညောင်တုန်းဘက် ကမ်းကပ်တိုင်ကြံ့ခိုင်မှုအတွက် ရေရှည်အားဖြည့်ဆောင်ရွက်ခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ညောင်တုန်းဘက်ကမ်း တံတားတိုင်အမှတ် (P-17) အနီးတစ်ဝိုက် ရေတိုက်စားမှုအန္တရာယ် ကင်းဝေးစေရေး၊ ရေကာတာ ကွန်ကရစ်တည်ဆောက်ထားရှိမှု၊ ဧရာဝတီမြစ်ရေနက်စီးကြောင်းပြောင်းလဲ၍ ပုံမှန်စီးဆင်းနေမှုနှင့် တံတားကြီးနှင့် အောက်ခြေတိုင်များ ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန်စီးတီးက ဗီလာကို အနိုင်ရပြီး သုံးမှတ်ယူ

သတင်းမှတ်စု – မောင်ချစ်ကြည်

လန်ဒန် စက်တင်ဘာ ၁၆

ပရီမီယာလိဂ်ပွဲစဉ်(၆)လက်ကျန်ပွဲအဖြစ် မန်စီးတီးနှင့် အက်စတွန်ဗီလာတို့ စက်တင်ဘာ ၁၆ ရက်က ဆက်လက်ကစားရာ မန်စီးတီးက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မန်စီးတီးသည် အိမ်ကွင်း၌ အက်စတွန်ဗီလာကို ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ အဲရစ်ဆင်သည် ၄း၄း၂ ပုံစံ ခင်းကျင်းပြီး တိုက်စစ်၌ ဗက်ဆဲလ်နှင့် အမ်ပင်ဆာတို့ကိုထားရှိကာ ဂျွန်ဆင်၊ ပီထရော့နှင့် ဟာမင်းတို့ကို တိုက်စစ်၌ ဝိုင်းရံကစားစေခဲ့သည်။

မန်စီးတီးက ဂိုးသွင်းခွင့်ကိုးကြိမ်ရပြီး အက်စတွန်ဗီလာက ၁၁ကြိမ်ရရှိခဲ့သည်။ အက်စတွန်ဗီလာ တိုက်စစ်မှူးများဖြစ်သည့် အက်ဘွန်လာဟော၊ မိုရေး၊ ကာရူးနှင့် အက်ရှလေယန်းတို့ ထိုးဖောက်မှုကို မန်စီးတီးတို့ ကြိုးစားဟန့်တားခဲ့ရသည်။

မန်စီးတီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၈ မိနစ်တွင် ဂျွန်ဆင်က သွင်းယူနိုင်ခဲ့၍ မန်စီးတီးတို့ရှုံးပွဲ ရပ်တန့်ကာ အိမ်ကွင်း၌ သုံးမှတ် အပြည့်ရရှိခဲ့သည်။ **(အင်တာနက်)**

မန်စီးတီးနှင့် အက်စတွန်ဗီလာတို့ပွဲတွင် အက်စတွန်ဗီလာမှ ဘာရီ (ဝဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ပွဲစဉ်(၆)အပြီး ပရီမီယာလိဂ်အသင်းများရပ်တည်မှု

အဆင့်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁။	အာဆင်နယ်	၅	၄	၁	၀	၁၃
၂။	မန်စီးတီး	၆	၄	၀	၂	၁၂
၃။	လီဗာပူး	၅	၃	၂	၀	၁၁
၄။	မန်ယူ	၆	၃	၂	၁	၁၁
၅။	ချယ်လ်ဆီး	၆	၃	၂	၁	၁၁
၆။	ဝက်စ်ဟမ်း	၅	၃	၁	၁	၁၀
၇။	အဲဗာတန်	၆	၃	၁	၂	၁၀
၈။	ဘလက်ဘန်း	၅	၂	၃	၀	၉
၉။	နယူးကာဆယ်	၄	၂	၂	၀	၈
၁၀။	ဝီဂန်	၆	၂	၂	၂	၈
၁၁။	အက်စတွန်ဗီလာ	၅	၂	၁	၂	၇
၁၂။	ဘာမင်ဂမ်	၆	၂	၁	၃	၇
၁၃။	မစ်ဒယ်ဘရော့	၆	၂	၁	၃	၇
၁၄။	ဆန်းဒါးလန်း	၆	၂	၁	၃	၇
၁၅။	ပို့စ်မောက်	၆	၁	၃	၂	၆
၁၆။	ဖူလ်ဟမ်	၆	၁	၂	၃	၅
၁၇။	စပါး	၆	၁	၁	၄	၄
၁၈။	ရက်ဒင်း	၆	၁	၁	၄	၄
၁၉။	ဘောလ်တန်	၆	၁	၀	၅	၃
၂၀။	ဒါဘီ	၅	၀	၁	၄	၁

ပွဲစဉ် (၃) စပိန်လာလီဂါ အနိုင်အရှုံး

ဒီပို့တီဗို	၁	–	၀	ရီးရဲဘက်တစ်
အက်စ်ပန်းညို	၁	–	၀	ဂီတာဖေး
မာလော့ကာ	၀	–	၁	ဗီလာရီးရဲ
မာစီယာ	၁	–	၁	အက်သလက်တီကို
ရေဆင်း	၁	–	၀	လီဗန်တေး

ပွဲစဉ် (၃) စီးရီးအေ အနိုင်အရှုံး

ဖီအိုရင်တီးနား	၂	–	၂	အတ္တလန္တာ
ဂျီနိုရာ	၁	–	၁	လီဇော်နို
အင်တာမီလန်	၂	–	၀	ကာတာနီးယား
ဂျူဗင်းတပ်စ်	၀	–	၁	အူဒီးနီစ်
နာပိုလီ	၂	–	၀	ဆမ်ဒိုးရီးယား
ပါလာမို	၁	–	၁	တိုရီနို
ရက်ဂျီးနား	၀	–	၂	ရိုးမား။

(အင်တာနက်)



ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ အနောက်တောင်ဘက် ဗန်တူရာမြို့ ကမ်းခြေတွင် စက်တင်ဘာ၁၅ရက်က အရှည်ပေ၇၀ရှိသော အပြာရောင်ဝေလငါးကြီးတစ်ကောင်ကို သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

* **ရုရှားနိုင်ငံ မာဂါဒန်ဒေသတွင် စက်တင်ဘာ၁၆ရက်က ရုရှားရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ခြောက်ဦး သေဆုံးသွားကြောင်း၊ အဆိုပါရဟတ်ယာဉ်မှာ အမ်အိုင်–၈ အမျိုးအစားရဟတ်ယာဉ်ဖြစ်ပြီး အင်ဂျင်ချွတ်ယွင်းမှုကြောင့်ဖြစ်ကြောင်း ရုရှားမီဒီယာများက ဖော်ပြသည်။**

* တရုတ်နိုင်ငံအရှေ့ပိုင်းသို့ ဝီဖာအမည်ရှိ မုန်တိုင်းတစ်ခု ဦးတည်ရွေ့လျားလာလျက်ရှိကြောင်း၊ အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ၂၀နှုန်းဖြင့် ရွေ့လျားလျက်ရှိရာ စက်တင်ဘာ၁၇ရက်၌ တရုတ်နိုင်ငံအရှေ့ပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံမိုးလေဝသနှင့် ဇလဗေဒဌာနမှ သတင်းထုတ်ပြန်ထားသည်။

* **အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စက်တင်ဘာ ၁၅ ရက်က ဗီရာဇာနိုတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ အလုပ်သမားတစ်ဦး အမြင့်မှပြုတ်ကျခဲ့ပြီး သေဆုံးသွားကြောင်း နယူးယောက်အာဏာပိုင်များက ပြောကြားသည်။**

* အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ် နွှန်မာတီခရိုင်တွင် စက်တင်ဘာ ၁၆ ရက်က မြေပြိုမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး နေအိမ် ၁၀ လုံး ပျက်စီးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

* **အင်္ဂလန်နိုင်ငံ အနောက်မြောက်ပိုင်း လာနတ်ရှိုင်းအရပ်တွင် စက်တင်ဘာ ၁၅ ရက်က ရဟတ်ယာဉ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေးဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

* မက္ကဆီကိုနိုင်ငံ အနောက်ပိုင်း နာယာရစ် ပြည်နယ်တွင် စက်တင်ဘာ၁၅ရက်က ခရီးသည်တင်မော်တော်ကားတစ်စီး လမ်းဘေးထိုးကျခဲ့ရာ လူ၂၀ သေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။



* **ဖိလစ်ပိုင်နိုင်ငံ အနောက်တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများသို့ စက်တင်ဘာ ၁၆ရက် နံနက်က မုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုတို့ကြောင့် မင်ဒါနာရို၊ ဗီဆာယက်စ်နှင့် လူဇုန်တောင်ပိုင်းတို့တွင် ရေလွှမ်းမှု၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (ယာပုံ) **(အင်တာနက်)**

သောကကင်းဝေးနေနိုင်ရေးအတွက် အာမခံနှင့်ဆက်သွယ်လိုက်ပါ

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၆

အာမခံငွေထားရှိခြင်းသည် လူတိုင်းဆောင်ရွက်သင့်သည့် ကိစ္စတစ်ခုဖြစ်သည်။ ဆုံးရှုံးသွားနိုင်ဖွယ်ရှိသည့် အကျိုးစီးပွားများအား အကောင်းဆုံး ကာကွယ်မှုပေးနိုင်သော နည်းလမ်းတစ်ခုလည်းဖြစ်သည်။ ငွေကြေးနည်းနည်းဖြင့် အာမခံထားသူသည် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားလျှင် လျော်ကြေးငွေများများ ရရှိနိုင်သဖြင့် ပြန်လည်ထူထောင်ရေးကို အမြန်ဆုံးဆောင်ရွက်နိုင်သော အကျိုးကျေးဇူး ခံစားရမည်ဖြစ်သည်။

အာမခံအမျိုးအစား

ထို့ကြောင့် အာမခံထားရှိရန်အတွက် အာမခံအမျိုးအစားများကို သိရှိရန်လိုအပ်လာသည်။ အာမခံအမျိုးအစားများတွင် မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်ပေးနေသော အာမခံအမျိုးအစားများမှာ ၄၅မျိုးခန့် ရှိသည်ဟု မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမောင်မောင်သိန်းက ပြောကြားသည်။

အဓိက

ထို ၄၅မျိုးသော အာမခံအမျိုးအစားများအနက် အဓိကအာမခံအမျိုးအစားများမှာ အသက်အာမခံ၊ မီးအာမခံ၊ ရေကြောင်း လေကြောင်း ကုန်လမ်းကုန်ပစ္စည်းအာမခံ၊ ရေကြောင်းကိုယ်ထည်အာမခံ၊ လေကြောင်းအာမခံ၊ အင်ဂျင်နီယာအာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့အာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံ၊ ခရီးသွားအာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ သင်္ဘောသားအသက်အာမခံ၊ တစ်ဆင့်အာမခံ၊ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်လုပ်ငန်းရှင်များ တာဝန်ရှိမှုအာမခံ၊ မြေသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းရှင်များ တာဝန်ရှိမှုအာမခံ၊ အထွေထွေနစ်နာဆုံးရှုံးမှု ပေးလျော်ရန်အာမခံ၊ စုပေါင်းအသက်အာမခံ၊ ပြည်ပတွင်အလုပ်သွားရောက်လုပ်ကိုင်မည့် (တရားဝင်) အလုပ်သမားအသက်အာမခံ၊ မြွေအန္တရာယ်အာမခံတို့ဖြစ်ကြောင်းလည်း ၎င်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကုန်ပစ္စည်းသယ်ဆောင်သော ယာဉ်သည် ခရီးစဉ်အတွင်း ပိုင်ရှင်က တမင်ရည်ရွယ်ချက်ကြောင့် ပြုလုပ်ခြင်းမဟုတ်ဘဲ မတော်တဆ မီးလောင်ခြင်းကြောင့်လည်းကောင်း၊ စက်တပ်ယာဉ် ထိခိုက်မှုကြောင့် လည်းကောင်း၊ စက်ချွတ်ယွင်းမှုကြောင့် လည်းကောင်း၊ တစ်စုံတစ်ရာနှင့် တိုက်မိခြင်းကြောင့် လည်းကောင်း တိုက်ရိုက် ပေါ်ပေါက်သော ထိခိုက်ပျက်စီးမှုများကြောင့် အာမခံထားသော ကုန်ပစ္စည်းများ လုံးဝ ပျက်စီး ဆုံးရှုံးမှုသာ လျော်ကြေး အကျုံးဝင်။

ဆန္ဒနှင့်အညီ

ထိုသို့သော အာမခံအမျိုးအစားများကို အာမခံထားရှိရာတွင် ကျပ်ငွေနှင့်ဖြစ်စေ၊ နိုင်ငံခြားငွေနှင့်ဖြစ်စေ လက်ခံဆောင်ရွက်ပေးနေသည်။ ကျပ်ငွေဖြင့် အာမခံထားရှိလျှင် ကျပ်ငွေနှင့် လျော်ကြေးပေးမည်ဖြစ်သလို နိုင်ငံခြားငွေနှင့်အာမခံထားလျှင် နိုင်ငံခြားငွေနှင့် လျော်ကြေးပေးမည်ဖြစ်ရာ မြန်မာ့အာမခံလုပ်ငန်းက အာမခံထားသူ၏ ဆန္ဒနှင့်အညီ နစ်နာမှုမရှိအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

"မြန်မာနိုင်ငံမှာ လက်ရှိဆောင်ရွက်ပေးနေတာကတော့ အာမခံအမျိုးအစား ၄၅ မျိုး ကျော်ရှိတယ်"

ဦးမောင်မောင်သိန်း
အထွေထွေမန်နေဂျာ
မြန်မာ့အာမခံလုပ်ငန်း။

အကာအကွယ်ပေး

ထိုအာမခံအမျိုးအစားများအနက် ကုန်းလမ်းကုန်ပစ္စည်း အာမခံထားရှိမှုမှာ အာမခံထားရှိသူများပြားသည်။ ၎င်းအာမခံထားရှိမှုမှာ ပြည်တွင်းပြည်ပမှ ကုန်ပစ္စည်းများ တစ်နေရာမှ အခြားတစ်နေရာသို့ အဆင့်ဆင့် သယ်ယူပို့ဆောင်စဉ် ပျက်စီးဆုံးရှုံးမှုဖြစ်စဉ်များအတွက် အကာအကွယ်ပေးသည့် အာမခံအမျိုးအစားဖြစ်သည်။

တောင်းခံခွင့်

ကုန်ပစ္စည်းများဆုံးရှုံးမှုဖြစ်ပွားလျှင် ပစ္စည်းပိုင်ရှင်သည် အာမခံထားသော ပစ္စည်းများကို ဆုံးရှုံးမှုနည်းပါးသက်သာရန် ဘေးလွတ်ရာသို့ ဆယ်တင်ရန် သို့မဟုတ် သယ်ယူရန်လိုအပ်ပေသည်။ ထိုသို့ ဆယ်တင်၊ သယ်ယူစရိတ်ကို ကုန်ပစ္စည်းပိုင်ရှင်က တောင်းခံခွင့်ရှိသည်။

အကြောင်းကြားမည်

ကုန်းလမ်း ကုန်ပစ္စည်း အာမခံထားရှိရာတွင် သတ်မှတ်ထားသော စည်းကမ်းချက်များရှိသည်။ ယင်းတို့မှာ ကုန်ပစ္စည်းများကို လိုင်စင်ရှိသော လိုင်စင်သက်တမ်း အကျုံးဝင်သော ယာဉ်များဖြင့် သယ်ဆောင်ရမည်။ အာမခံထားသူ ဆန္ဒအရ ယာဉ်တစ်စီးချင်းအလိုက် တင်ဆောင်နိုင်သည့် ကုန်ပစ္စည်းတန်ချိန်ကို လက်ခံသည်။ အာမခံလုပ်ငန်းသို့ ပရီမီယံကြေးနှင့်အတူ တံဆိပ်ခေါင်းဖိုးကိုပါ တစ်ပါတည်း ပေးဆောင်ရမည်။ ပေးသွင်းပြီး ပရီမီယံကြေးကို ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ။ ပြင်ဆင်ချက် တစ်စုံတစ်ရာရှိလျှင် အဆိုပြုလွှာတွင် ဖော်ပြခဲ့သော အာမခံသက်တမ်းမစမီ မြန်မာ့အာမခံလုပ်ငန်းသို့ ကြိုတင်အကြောင်းကြားရမည် ဖြစ်သည်။

မျက်မြင်စစ်ဆေးမည်

ကုန်ပစ္စည်းများ ဆုံးရှုံးမှုပေါ်ပေါက်ပါက မြန်မာ့အာမခံရုံးနှင့် နီးစပ်ရာ မြန်မာ့အာမခံရုံးသို့ ချက်ချင်းဆက်သွယ် အကြောင်းကြားရမည်ဖြစ်ပြီး မြန်မာ့အာမခံရုံးမှ တာဝန်ရှိသူများက ပစ္စည်းဆုံးရှုံးမှုအား မျက်မြင် စစ်ဆေးမည်ဖြစ်သည်။

ထို့အပြင် ကုန်ပစ္စည်းသယ်ဆောင်ရာတွင် အကြောင်းကြောင်းကြောင့် ယာဉ်ပြောင်းလဲ တင်ဆောင်ခြင်းကို ခွင့်ပြုသည်။ သို့သော် မိမိအာမခံထားရှိရာရုံးသို့ ဖုန်း၊ဖက်စ်တို့ဖြင့် အကြောင်းကြားရမည် ဖြစ်သည်။

တစ်ဖန် လျော်ကြေးပေးရန် အကျုံးဝင်မှုအချက်များရှိသည်။ ထိုအချက်များမှာ ခရီးစတင်ထွက်ခွာသည့်အချိန်မှ ခရီးဆုံးသို့ ဆိုက်ရောက်သည့် အချိန်အတွင်း ဖြစ်ပွားပေါ်ပေါက်သော ဆုံးရှုံးမှုများအတွက်သာ လျော်ကြေးအကျုံးဝင်သည်။

လျော်ကြေးအကျုံးဝင်

ကုန်ပစ္စည်းသယ်ဆောင်သော ယာဉ်သည် ခရီးစဉ်အတွင်း ပိုင်ရှင်က တမင်ရည်ရွယ်ချက်ကြောင့် ပြုလုပ်ခြင်းမဟုတ်ဘဲ မတော်တဆ မီးလောင်ခြင်းကြောင့်လည်းကောင်း၊ စက်တပ်ယာဉ် ထိခိုက်မှုကြောင့်လည်းကောင်း၊ စက်ချွတ်ယွင်းမှုကြောင့်လည်းကောင်း၊ တစ်စုံတစ်ရာနှင့် တိုက်မိခြင်းကြောင့် လည်းကောင်း တိုက်ရိုက်ပေါ်ပေါက်သော ထိခိုက်ပျက်စီးမှုများကြောင့် အာမခံထားသော ကုန်ပစ္စည်းများ လုံးဝပျက်စီးဆုံးရှုံးမှုသာ လျော်ကြေးအကျုံးဝင်ကြောင်း သိရသည်။

ထို့အပြင် လျော်ကြေးအကျုံးမဝင်သော အချက်များလည်းရှိသည်။ ယင်းတို့မှာ ခရီးစဉ်စတင်ထွက်ခွာခြင်းမပြုမီနှင့် ခရီးဆုံး ရောက်ရှိပြီးနောက် ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှုများ၊ အကြောင်းတစ်စုံတစ်ရာကြောင့် ခရီးစဉ်တွင် နှောင့်နှေးကြန့်ကြာသဖြင့် ပေါ်ပေါက်သော ကုန်ပစ္စည်း ပုပ်သိုး၊ ယိုယွင်းပျက်စီးမှုများအားလုံးနှင့် ပစ္စည်း၏ပင်ကိုသဘာဝအရ ပျက်စီးခြင်းများအားလုံး၊ စစ်နှင့် စစ်အသွင်အန္တရာယ်ကြောင့်ဖြစ်ပါက ထပ်တိုးအန္တရာယ်နှုန်းအတွက် အပိုပရီမီယံကြေးပေးဆောင်ထားခြင်းမရှိလျှင် လျော်ကြေးအကျုံးမဝင်ကြောင်းလည်း သိရှိရသည်။

အမြန်ဆုံး

ထို့ကြောင့် စနစ်တကျ အာမခံငွေကို ထားရှိခြင်းဖြင့် ပျက်စီးဆုံးရှုံးနစ်နာမှုများအတွက် ထိုက်တန်သော လျော်ကြေးငွေများ အမြန်ဆုံးရရှိနိုင်မည်ဖြစ်ရာ သောကကင်းဝေးနေနိုင်ရေးအတွက် အာမခံနှင့်ဆက်သွယ်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

- **အာမခံထားရှိရာတွင် ကျပ်ငွေနှင့်ဖြစ်စေ၊ နိုင်ငံခြားငွေနှင့်ဖြစ်စေ လက်ခံဆောင်ရွက်ပေးနေ။**
- **ကျပ်ငွေဖြင့် အာမခံထားရှိလျှင် ကျပ်ငွေနှင့် လျော်ကြေးပေးမည်ဖြစ်သလို နိုင်ငံခြားငွေနှင့်အာမခံထားလျှင် နိုင်ငံခြားငွေနှင့် လျော်ကြေးပေးမည်။**
- **အာမခံအမျိုးအစားများအနက် ကုန်းလမ်းကုန်ပစ္စည်း အာမခံထားရှိမှုမှာ အာမခံထားရှိသူများပြား။**
- **ပြည်တွင်း ပြည်ပမှ ကုန်ပစ္စည်းများ တစ်နေရာမှ အခြားတစ်နေရာသို့ အဆင့်ဆင့် သယ်ယူပို့ဆောင်စဉ် ပျက်စီးဆုံးရှုံးမှုဖြစ်စဉ်များအတွက် အကာအကွယ်ပေးသည့် အာမခံအမျိုးအစားဖြစ်။**

ဒိုက်ဦးမြို့နယ်တွင် အလုပ်ရုံဆွေးနွေးပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ဒိုက်ဦးမြို့နယ် အမှတ်(၇)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ယြဂုတ် ၄ရက်က အလုပ်ရုံဆွေးနွေးပွဲနှင့် စာဖတ်ဝိုင်းကျင်းပသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍ ဆွေးနွေးသည်။ ဆက်လက်၍ စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒေါ်အေးအေးစိုး (ရုပ်/သံ ကျွမ်းကျင်-၃)က ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၂)မှ ဦးထက်ကျော် ရေးသားသည့် စာကြည့်တိုက်မှူးကောင်းတစ်ဦး ဆောင်းပါးကိုလည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် ကိုယ့်အားကိုယ်ကိုး ယုံကြည်မှုစာအုပ်မှ အခြေခံအင်အား ငါးချက် ဆောင်းပါးကို အငယ်တန်းစာရေး ဒေါ်သင်းသင်းလတ်ကလည်းကောင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၄)မှ ကြည်လဲ့လဲ့မွန်(သာယာအေး)ရေးသားသော အချိန်၏တန်ဖိုး ဆောင်းပါးကိုလည်းကောင်း၊ တင်ထွန်းဦးရေးသားသော မြန်မာ့အလင်းဆောင်းပါးပေါင်းချုပ်မှ သူရဲကောင်းတစ်ဦးတဲ့လား ဆောင်းပါးကို ဦးငြိမ်းမောင်ကလည်းကောင်း၊ ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၆)မှ မှုခင်း(ရွှေပြည်သာ)ရေးသော သွားကျန်းမာရေးအတွက် ခြောက်လတစ်ကြိမ် စစ်ဆေးသင့် ဆေးပညာဆိုင်ရာကို ဒေါ်အေးအေးမာကလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

မော်ရင်ဟို၊ ချယ်လ်ဆီးနှင့် ပရီမီယာလိဂ်ဖလား

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၁၆

ပရီမီယာလိဂ် ပွဲစဉ်(၆)ကို စက်တင်ဘာ ၁၅ရက်က ကစားခဲ့ကြတဲ့အခါ မန်ယူနဲ့ အာဆင်နယ်တို့ နိုင်ပွဲတွေရပြီး လီဗာပူးနဲ့ ချယ်လ်ဆီးတို့ နှစ်သင်းစလုံး ဂိုးမရှိသရေပွဲတွေ ဖြစ်ခဲ့ကြပါတယ်။ ဒီနှစ် ပရီမီယာလိဂ်ကို တောက်လျှောက် ထိပ်ဆုံးက ဦးဆောင်သွားချင်နေတဲ့ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအတွက် ကတော့ ဘလက်ဘန်းနဲ့ သရေပွဲဖြစ်ခဲ့ရတာဟာ ထိုးနှက်ချက်တစ်ရပ် ဖြစ်ခဲ့ရပါတယ်။

သတင်းထွက်

ပရီမီယာလိဂ်မှာ အခုအချိန်အထိ ချယ်လ်ဆီးတို့ ခြောက်ပွဲကစားခဲ့ပြီးချိန်မှာ နိုင်ပွဲနှစ်ပွဲသာ ရရှိသေးတာမို့ ပရီမီယာလိဂ်ဖလားကို မန်ယူလက်က လုယူဖို့ ကြံစည်ကြိုးစားနေတဲ့ မော်ရင်ဟိုရဲ့ ရည်မှန်းချက်ကို ချယ်လ်ဆီး ပိုင်ရှင် အီဗရာမိုဗစ် သံသယဝင်နေပြီဆိုတဲ့သတင်းလဲ ထွက်ပေါ်လာခဲ့ပါတယ်။

ဒေါသထွက်

ဒါ့အပြင် ချယ်လ်ဆီးအသင်း ဘလက်ဘန်းကို ဂိုးမရှိ သရေကစားခဲ့တဲ့ ပွဲပြီးနောက်မှာ ချယ်လ်ဆီးကစားပုံ အားမရဘူးလို့ အီဗရာမိုဗစ်က ပြောကြားခဲ့တာကြောင့် မော်ရင်ဟို ခံပြင်းခဲ့ရတယ်လို့ ဆိုပါတယ်။ မော်ရင်ဟိုဟာ ဘလက်ဘန်းနဲ့ပွဲမှာ ဒုတိယပိုင်းပွဲချိန် ၅၇မိနစ်မှာ ကာလူးရဲ့ ဂိုးသွင်းမှုကို ငြင်းပယ်ခဲ့တဲ့ စည်းကြပ်ဒိုင်နဲ့ ကွင်းလယ်ဒိုင်လူကြီးကိုလဲ ဒေါသထွက်နေခဲ့ပါတယ်။

အသင်းရလဒ်များ မကောင်းသဖြင့် ပြုပြင်မှုများ ပြုလုပ်ရတော့မည့် မော်ရင်ဟို။
(ဓာတ်ပုံ-အင်တာနက်)

ထောက်ပြ

"ဒိုင်လူကြီးတွေရဲ့ ဆုံးဖြတ်ချက်တွေဟာ အသင်းရဲ့ အောင်မြင်မှုကို ထိခိုက်စေတယ်ဆိုတာ သတိပြုသင့်ပါတယ်။ တကယ်တမ်းမှာ ကာလူးရဲ့ အနေအထားဟာ လူမကျွံသေးပါဘူး၊ စည်းကြပ်ဒိုင်ဟာ သူ့အမှားကို သူသိပြီး ဝန်ချတောင်းပန်တဲ့ တယ်လီဖုန်းနဲ့ ပြောစကားကို ကျွန်တော်စောင့်နေပါတယ်"လို့ မော်ရင်ဟိုက သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

ဂိုးမသွင်းနိုင်

မော်ရင်ဟိုအနေနဲ့ ဒီပွဲကို အိမ်ကွင်းမှာ အနိုင်မရခဲ့တာဟာ အဓိက ကစားသမားတွေဖြစ်တဲ့ ဒရော့ဘာ၊ လမ်းပတ်နဲ့ ပီဇာရိုတို့ မပါရှိခဲ့တာကြောင့် အဆုံးသတ်ပိုင်နိုင်မှု အားနည်းခဲ့လို့ ဖြစ်တာပါလို့ မော်ရင်ဟိုက ပြောကြားနေပါတယ်။ အဲဒီနေ့ကပွဲမှာ ရှက်ဖ်ချင်ကို၊ ကာလူး တိုက်စစ်အတွဲက ဂိုးရအောင် မသွင်းနိုင်ခဲ့ပါဘူး။

နစ်နာ

"ကာလူးသွင်းတဲ့ဂိုးကို ဘာလို့ ဂိုးမပေးတာလဲဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး၊ တကယ်ဆိုရင် ဒီဂိုးကြောင့် ကျွန်တော်လူတွေ နောက်ထပ်ဂိုးတွေ ဆက်သွင်းနိုင်မှာပါ။ ကျွန်တော်တို့ နစ်နာမှုဖြစ်ခဲ့ရတယ်"လို့ မော်ရင်ဟို ညည်းတွားခဲ့ပါတယ်။

စိတ်မချမ်းသာ

ဘယ်လိုပဲ ဖြစ်ဖြစ် လက်ရှိအချိန်မှာ ချယ်လ်ဆီးဟာ မန်ယူနဲ့ပွဲတူ၊ အမှတ်တူနဲ့ တန်းစီဇယားမှာ မန်ယူနောက် စတုတ္ထနေရာ ရောက်ရှိနေပါတယ်။ ဒီနှစ်မှာ ချယ်လ်ဆီး အသင်းရဲ့ ကစားအားဟာ မနှစ်ကလို မာကြောမှုမရှိတော့တာ အမှန်ပါပဲ။ ကစားသမား အသစ်တွေကို ငွေကြေးပုံအော သုံးစွဲခဲ့ပေမယ့် ပြီးခဲ့တဲ့နှစ်က ပရီမီယာလိဂ်ဖလားကို လက်လွှတ်ခဲ့ရတဲ့ မော်ရင်ဟိုဟာ ဒီနှစ်မှာ ငွေကုန်ကျမှုနည်းနည်းနဲ့ သူ့ရဲ့စွမ်းဆောင်ရည်ကို အသုံးချပြီး ပရီမီယာလိဂ်ဖလားကိုရယူပေးမယ်လို့ ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်ကို ပြောကြားခဲ့တာကြောင့် အခုအချိန်မှာ ချယ်လ်ဆီးရဲ့ လက်ရှိအနေအထားကိုကြည့်ပြီး အေဗရာမိုဗစ် စိတ်မသက်မသာ ဖြစ်နေတယ်လို့ ဆိုပါတယ်။

ပွဲကြမ်း

ချယ်လ်ဆီးအသင်းက အဓိကကစားသမားတွေ မိခင်နိုင်ငံအသင်းတွေမှာ ယူရိုခြေစစ်ပွဲတွေ ကစားနေရတာကြောင့် ပွဲပန်းနေကြသလို ဒဏ်ရာတွေလဲ ရရှိခဲ့တာကြောင့် မိမိတို့အတွက် နစ်နာမှုဖြစ်ရတယ်လို့ မော်ရင်ဟိုက အကြောင်းပြနေပြန်ပါတယ်။ ဒါကြောင့် မိခင်နိုင်ငံအသင်းတွေမှာ ကစားရတဲ့ ပွဲအရေအတွက်ကို ကန့်သတ်သင့်တယ်လို့လဲ ပြောနေပါတယ်။

ခံစားနေရ

ချယ်လ်ဆီးအသင်း အမှုဆောင် လူကြီးတွေကလဲ ချယ်လ်ဆီးအသင်းဟာ အဓိကကစားသမား တစ်ဦး၊ တစ်ယောက်အပေါ်မှာ အားပြုလွန်းနေတယ်။ ဒီနှစ်ရလဒ်တွေက အားရစရာ မကောင်းဘူးဆိုတဲ့ ဝေဖန်သံတွေလဲ ထွက်ပေါ်နေတာကြောင့် မော်ရင်ဟို မခံချိမခံသာ ခံစားနေရပါတယ်။

စိတ်ပျက်စပြု

ဒါပေမယ့် ချယ်လ်ဆီးဟာ ပရီမီယာလိဂ်မှာတော့ ခိုင်မာတောင့်တင်းတဲ့အသင်းဖြစ်တဲ့အတွက် ပရီမီယာလိဂ်ဖလားကို ရယူဖို့ ယုံကြည်မှုတွေ မော်ရင်ဟိုရင်မှာ အပြည့်ရှိနေပါတယ်။ ချယ်လ်ဆီးဟာ ပြိုင်ဘက်တိုင်း ထိတ်လန့်စေတဲ့အသင်းဖြစ်နေဆဲဆိုတာ ငြင်းလို့မရဘူးလို့ ပြောကြားနေတဲ့မော်ရင်ဟိုကို အေဗရာမိုဗစ် စိတ်ပျက်စပြုနေတာကတော့ အမှန်ပါပဲ။

မသေချာ

ချယ်လ်ဆီးအသင်း ဒီနှစ် ပရီမီယာလိဂ်ဖလားမရခဲ့ရင် မော်ရင်ဟိုလဲ ချယ်လ်ဆီးအသင်းမှာ ဆက်လက်တည်မြဲဖို့ မသေချာတော့ဘူးလို့ ဝေဖန်သံတွေလဲ ပေါ်ထွက်လာပြန်ပါတယ်။ဒါကြောင့် မော်ရင်ဟိုနဲ့ ချယ်လ်ဆီးတို့ရဲ့ ပရီမီယာလိဂ်ဖလားရရှိရေး အနာဂတ်အနေအထားဟာ ဘယ်လိုမှ ပုံသေကားချပ်တွက်လို့ မရသေးတဲ့ အနေအထား ရှိပါကြောင်း တင်ပြလိုက်ပါတယ်။ ။ **(ကိုးကား-အင်တာနက်)**

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲ ဘိုင်ယန်မြူးနစ် ထိပ်ဆုံးမှဦးဆောင်

စုစည်းတင်ပြသူ မြင့်မောင်စိုး

မြူးနစ် စက်တင်ဘာ ၁၆

ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲစဉ် ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၁၅ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘိုင်ယန်မြူးနှင့်ရှောလ်ကေးတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

ချေပဂိုးသွင်း

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ရာသီတွင် ငါးပွဲကစားပြီးချိန်တွင် ရမှတ် ၁၁မှတ်ဖြင့် ဦးဆောင်နေသည်။ ထိုနေ့က ဘိုင်ယန်မြူးနစ်နှင့် ရှောလ်ကေးတို့ ခြေရည်တူ အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသည်။ ရှောလ်ကေးက ပထမပိုင်းတွင် ဦးဆောင်ဂိုးသွင်းယူပြီး ဘိုင်ယန်မြူးနစ်က ဒုတိယပိုင်းတွင် ကလိုဆေး၏ ဂိုးဖြင့် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

အမှတ်ပေး

ထိုနေ့က လက်ရှိချန်ပီယံ စတုဂတ်အသင်းသည် ကောဘတ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ သို့ရာတွင် စတုဂတ်တို့ အမှတ်ပေးဇယားနံပါတ် ၇နေရာ၌ ရှိနေသည်။

ယခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ဘီလီဖီး၊ ဖရန့်ဖတ်အသင်းတို့သည် ခြေမှန်ရလာပြီး အသင်းကြီးများ၏ အောင်ပွဲဆင်နိုင်ရေးအတွက် ရန်းကန်ကြိုးစားနေမှုများကို ခြိမ်းခြောက်လာသည်။ **(အင်တာနက်)**

ဘိုင်ယန်မြူးနစ်မှ ရစ်ဘရီ (ယာ) နှင့် ရှော်လ်ကေးမှ ရာဖီဟာတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပွဲ ဘရာဇီးက တရုတ်ကို အနိုင်ရ

ယှဉ်ပြိုင်ကစား

ဘရာဇီးအသင်းမှ မာတာ (၁၀)၏ ယှဉ်ပြိုင်ကစားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေကျင်း စက်တင်ဘာ ၁၆

ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၁၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘရာဇီးအမျိုးသမီးအသင်းက တရုတ်အမျိုးသမီး ဘောလုံးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နှစ်ဂိုးစီ

ဘရာဇီးအသင်းအတွက် အနိုင်ဂိုးများကို မာတာနှင့် ခရစ်စတီယန်တို့က နှစ်ဂိုးစီ သွင်းယူပေးခဲ့ကြခြင်း ဖြစ်သည်။

တိုက်စစ်

တရုတ်အမျိုးသမီး ဘောလုံးအသင်းသည် ပထမပိုင်းတွင် ဘရာဇီးအသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ သို့ရာတွင် ဘရာဇီးအသင်း တိုက်စစ် အားကောင်းလာသဖြင့် မာတာက ဘရာဇီးအသင်းအတွက် ဖွင့်ဆော်ဦးဂိုးသွင်းယူခဲ့သည်။ ယင်းနောက် ခရစ်စတီယန်က နှစ်ဂိုးသွင်းယူခဲ့ပြီး ပွဲသိမ်းအနိုင်ဂိုးကို မာတာက သွင်းယူခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ဝီဂန်အတွက် အားထားရသောတိုက်စစ်မှူး ဟက်စကီး ဖူလ်ဟမ်နှင့်ကစားရာတွင် ခြေချောင်းကျိုး

လန်ဒန် စက်တင်ဘာ ၁၆

ဝီဂန်နှင့် အင်္ဂလန်တိုက်စစ်မှူး ဟက်စကီးသည် ခြေချောင်းကျိုးသွားသဖြင့် ဓာတ်မှန်ရိုက်ရန် ဆေးရုံသို့ တင်ပို့လိုက်ရသည်။

ဒဏ်ရာရ

ဝီဂန်နှင့်ဖူလ်ဟမ်အသင်းတို့ ကစားရာတွင် ဟက်စကီးသည် ပွဲပြီးရန် မိနစ်အနည်းငယ်အလိုတွင် ခြေထောက် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

အသက် ၂၉ နှစ်ရှိ အဆိုပါ တိုက်စစ်မှူးသည် မကြာမီက အင်္ဂလန်အသင်းအတွက် ခြေစွမ်းပြကစားလာနိုင်ခဲ့၍ ပရိသတ်များ၏ အားပေးမှုရရှိသူ ဖြစ်သည်။

ခြေချောင်းကျိုး

အဆိုပါ ခြေချောင်းကျိုးသွားသည်ကို အတည်ပြုပြီးခဲ့လျှင် ဟက်စကီးသည် အောက်တိုဘာလတွင် ယှဉ်ပြိုင်ကစားမည့် အက်စ်တိုးနီးယား၊ ရုရှားတို့နှင့်ပွဲ၌ ပါဝင်ကစားနိုင်မည် မဟုတ်ပေ။

ဝီဂန်တိုက်စစ်မှူး ဟက်စကီး။
(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်နည်းပြ မက်ကလာရင်က အဆိုပါပြိုင်ပွဲများအတွက် တိုက်စစ်မှူး ရွန်နေကို ပြန်ခေါ်လိမ့်မည်ဖြစ်သည်။ ရွန်နေသည် စက်တင်ဘာ ၁၅ ရက်က မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြန်လာပြီဖြစ်သည်။ **(အင်တာနက်)**

KMD (Since 1986) **ကွန်ပျူတာအခြေခံသင်တန်း** **i-Office**

- ကုမ္ပဏီ/ရုံးလုပ်ငန်းများအတွက် ရုံးစာရိုက်ခြင်း၊ စာရင်းဇယားများပြည့်သွင်းခြင်းနှင့် စာစီစာရိုက်လုပ်ငန်းများအတွက်လက်တွေ့သင်ကြားမည့် သင်တန်းဖြစ်ပါသည်။
- E-mail နှင့် Internet အသုံးပြုနည်းကို Digital Camera၊ Scanner စသောနောက်ဆုံးပေါ် Hardware Device များဖြင့် တွဲဖက်၍ စနစ်တကျ သင်ကြားပေးပါသည်။
- Reference စာအုပ်များကိုအခမဲ့ပံ့ပိုးပေးပြီး သင်တန်းသားတစ်ဦးကို စက်တစ်လုံးနှုန်းဖြင့်သင်ကြားချိန် နာရီပြည့် စက်သုံးစွဲနိုင်ရန် စီစဉ်ထားပါသည်။
- သင်တန်းကာလအတွင်းနှင့် သင်တန်းပြီးဆုံးသွားသောအခါ စက်အပိုချိန် အသုံးပြုနိုင်ရန် စီစဉ်ပေးပါသည်။

[Duration 80 Hours]

(ဆိပ်ကမ်းသာ) ၅၅-၅၇၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း ကျောက်တံတား။ ဖုန်း - ၃၉၁၂၈၆/၃၉၁၂၈၇/၃၇၁၁၉၅
(မြေနီကုန်း) ၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း စမ်းချောင်း။ ဖုန်း - ၅၂၇၄၃၆/၅၃၄၁၇၀/၅၁၂၂၃
(လှည်းတန်း-၁) ၃၀၊ ပထမထပ်၊ တိုက်-၁၊ စိမ်းကိုင်းအိမ်ရာ(၁)၊ အင်းစိန်လမ်း လှည်းတန်း။ ဖုန်း - ၅၂၄၄၀၀/၅၈၅၃၉၉
(တာမွေ-၁) အမှတ် - ၂၇၂၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၅၄၁၃၂၈
(တာမွေ-၂) အမှတ် - ၅/၁၁၊ ဗိုလ်ရဲထွဋ်လမ်း၊ တာမွေမြို့နယ်။ ဖုန်း - ၅၄၆၆၀၀

Golden Star အဆင့်မြင့်ခရီးသွားလုပ်ငန်း

- ပုဂံ - ညောင်ဦး - ပုပ္ပါး Oct - 25
- တောင်ကြီး-အင်းလေးဖောင်တော်ဦးဘုရားပွဲ Oct - 19, 25
- ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် Oct - 5, 12, 19, 25

အမှတ် - ၂၄၊ ၁၅၃-လမ်း၊ တာမွေ Ph: 544383, 095133640

ဦးအောင်ဟိန်းကျော် ၏ ဆရာလွှတ်

- အင်္ဂလိပ်စကားပြော (Vol: 1,2,3)
- အင်္ဂလိပ်စာရေးနည်း (Vol: 1,2,3) ထွက်ပြီ

သီးသန့်တန်းဖွင့်ပြီ

အင်္ဂလိပ်စကားပြော နှင့် စာရေးနည်းသင်တန်း

- နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

အလွတ်မကျက်ဘဲပြောတတ်/ရေးတတ်ရမည်

- ၁၈၂ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။ ☎ 392468 , 09 5171841

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိစ်မြို့
631, A.S. Fashion Park Orange နေ
(ဦးဝင်းကြည်မောင်)- ဒေါ်ဝေဝေလှိုင်တို့၏သားကြီး

မောင်မိုးဝင်းလှိုင်

Commercial Officer (Keppel Shipyard Ltd., S' Pore)

နှင့်

ရန်ကုန်မြို့၊ တိုက်အမှတ် ၂၈၀၊ အခန်း ၆၊ အရှေ့ရန်ကင်းနေ
ဦးအောင်မြင့်-ဒေါ်ထားရီတို့၏ တစ်ဦးတည်းသောသမီး

မဖြူမာအောင်မြင့်

Accounts Executive (Jasscan Inspection Pte Ltd., S' Pore)

တို့သည် ၉-၈-၂၀၀၇ရက်တွင် နှစ်ဖက်သောမိဘများ၏ရှေ့မှောက် Singapore နိုင်ငံ Jurong West နေအိမ်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မိုးဝင်းလှိုင်-မဖြူမာအောင်မြင့်။

အမှာစကားပြော

ဩဂုတ် ၉ ရက်က လှိုင်သာယာမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး ကျင်းပသော HIV ပိုးကူးစက်မှု ရောဂါကာကွယ်ရေး ပညာပေးသင်တန်းဖွင့်ပွဲတွင် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးကျော်သန်းတက်ရောက် အမှာစကား ပြောကြားစဉ်။

(၁၈၀)

ကျေးဇူးဆပ်ပါမည်

၁-၉-၂၀၀၇ရက် မွန်းလွဲ ၂နာရီ တောင်ငူမှ ရန်ကုန်သို့ထွက်ခွာသည့် ရိုးမအဝေးပြေးကား ၂ခ/၇၅၃၈သည် အင်းတိုင်အနီးကားပျက်သဖြင့် ဟိုင်းလပ်ကားနှစ်စီးပေါ်သို့ ခရီးသည်နှင့် ပစ္စည်းများ လွှဲပြောင်းတင်ပေးခဲ့ရာ အရေးကြီးစာရွက်စာတမ်းများထည့်ထားသော ဆာလာအိတ်အဖြူ(အကြီး)တစ်အိတ် မှားယွင်းပါရှိသွားသဖြင့် ရရှိထားသူသည် အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ အကြောင်းကြားသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ရန်ကုန်ရိုးမကားဂိတ်
၀၁-၆၃၆၉၃၃၊
၀၁-၆၃၉၄၆၆၊ လိုင်းခွဲ(၃၂၆)။
၀၁-၆၃၉၄၆၅၊ လိုင်းခွဲ(၃၂၆)။
၀၁-၅၅၆၇၉၅။

တောင်ငူရိုးမကားဂိတ်
၀၅၄-၂၃၉၀၄၊ ၂၃၉၀၂။
ဖြူးသီးသန့်ကားဂိတ်
၀၅၄-၄၀၂၁၉။
ပဲခူးကောင်းရတနာကားဂိတ်
၀၅၂-၂၃၁၆၃။

7DAY SPORTS journal

သင့်အတွက်

အသစ်လွင်ဆုံး၊ အလတ်ဆတ်ဆုံး၊ အပြည့်စုံဆုံး အားကစားဆိုင်ရာသတင်းများ၊ သတင်းဆောင်းပါးများ၊ ကဗ္ဗာစုံလင်စွာ ဘောလုံးရသအပြည့်ဖြင့် ယနေ့ထွက်ပြီ။

ထွက်ပြီ

Tel: 01-243 542
09-51-73255

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊၃၉ (A)ရပ်ကွက်၊တပင်ရွှေထီးလမ်းနေ ကိုကျော်ဇေယျ LMDW-၀၀၉၈၇၄သည် မိဘများကို စိတ်ဆင်းရဲအောင်အမြဲပြုလုပ်နေသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ တာဝန်မယူပါကြောင်း။ (မေးမြန်းခြင်းသည်းခံပါ)။

ဖခင်-ဦးကျော်မြ ၁၂/ပဗတ(နိုင်)၀၀၆၄၉၂
မိခင်-ဒေါ်ခင်အုန်း(ခ)ဒေါ်ကြည်ကြည် ၁၂/ပဗတ(နိုင်)၀၁၃၃၆၃။

မြန်မာ့ရုပ်မြင်သံကြား

၁၇-၉-၂၀၀၇ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၀ ၅။ အကပဒေသာ
၁၇:၁၀ ၆။ မြန်မာစာ မြန်မာစကား
၁၇:၂၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၅ ၉။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [အဆင့်မြင့်ပညာအဆင့်](အမျိုးသား/အမျိုးသမီး)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ အလှူရှာမယ် လှုကမ္ဘာဝယ်
၁၉:၀၀ ၁၃။ **နှစ်မြှာနတ်မိမယ်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-အောင်ကျော်ကျော်)
၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း-၁၂)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပြုံးလှည့်ပါချစ်သူရယ်** (အပိုင်း-၆)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ထိုင်းခရီးသည်တင်လေယာဉ်ပျက်ကျ

ဖူးခက် စက်တင်ဘာ ၁၆

ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်လေဆိပ်တွင် စက်တင်ဘာ၁၆ရက် မွန်းလွဲပိုင်းက ခရီးသည်တင်လေယာဉ်တစ်စင်း ဆင်းသက်ရန်ကြိုးစားစဉ် ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ကြောင်း၊ ၈၈ဦးသေဆုံးပြီး ၄၂ဦးဒဏ်ရာရခဲ့ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

မထိန်းနိုင်

အဆိုပါလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီခွဲတွင် ဗန်ကောက်မြို့ ဒွန်မောင်းလေဆိပ်မှထွက်ခွာခဲ့ရာ လေယာဉ်ဝန်ထမ်းငါးဦး အပါအဝင် ခရီးသည် ၁၃၀လိုက်ပါခဲ့ကြောင်း၊ ညနေ ၃နာရီ မိနစ်၄၀တွင် ဖူးခက်လေဆိပ်သို့ဆင်းသက်စဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေယာဉ်ကို မထိန်းနိုင်တော့ဘဲ ပျက်ကျခဲ့ကြောင်းသိရသည်။

နှစ်ပိုင်းကျိုး

ထိုသို့ ပျက်ကျပြီးနောက် လေယာဉ်မှာနှစ်ပိုင်းကျိုးသွားကြောင်း၊ သေဆုံးသည့် နိုင်ငံခြားသားခရီးသည်ဦးရေကို မသိရသေးကြောင်း၊ ခရီးသည်ထက်ဝက်ခန့်မှာ ကမ္ဘာလှည့်ခရီးသည်များဖြစ်ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

ကွန်ဟိန်းမြို့နယ်ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲဗိုလ်လု

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၇ခုနှစ် ကွန်ဟိန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ်၁၇ရက်က ကွန်ဟိန်းမြို့တပ်နယ် အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် မြို့နယ်ရဲတပ်ဖွဲ့အသင်းနှင့် ကာလိကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာလိကျေးရွာဘောလုံးအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယအသင်းလိုက် တစ်ဦးချင်းဆုတံဆိပ်၊ အသင်းလိုက် ပထမဆု ငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၇၀၀၀၀ နှင့်နေရာအလိုက်အကောင်းဆုံး ဆုငွေများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ ကာလိကျေးရွာအသင်းအား ကွန်ဟိန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးက ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။**(အပေါ်ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

■ **ကျောဖုံးမှ**

အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

မုံရွာမြို့

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ မုံရွာမြို့၌ ၁၀၂၄စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၄စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ ညောင်ဦးမြို့၌ ၂၁၃၅ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၅ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၁၂၈စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဘားအံမြို့

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ ဘားအံမြို့၌ ၇၅၆ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၅၀စင်တီမီတာအောက်သို့ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

NLD ပါတီဝင်အဖြစ်ဆက်လက်ပါဝင်ထမ်းဆောင်လိုခြင်းမရှိ စစ်ကိုင်းမြို့နယ်မှပါတီဝင်၁၈ဦးစုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမင်းအောင်၊ ဦးခင်မောင်ကြီး၊ ဦးမြမောင်၊ ဦးထွန်းမြင့်၊ ဦးမြင့်သိန်း၊ ဦးကျော်ဆန်းဦး၊ ဦးတိုက်ရ၊ ဒေါ်ခင်မြ၊ ဦးသောင်းတင်နှင့် ဦးမောင်မောင်တို့အပါအဝင် ပါတီဝင် ၁၈ဦးတို့သည် စက်တင်ဘာ ၅ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီဝင်အဖြစ် ဆက်လက်ပါဝင်ထမ်းဆောင်လိုခြင်းမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှနုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

The New Light of Myanmar သတင်းစာတိုက် အငယ်တန်းသတင်းထောက်ရာထူး နေရာ ခန့်ထားရေးအတွက် လူတွေ့စစ်ဆေးရန်ခေါ်ယူခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက်၊ လစာနှုန်း ကျပ် (၃၉၀၀၀-၁၀၀၀-၄၄၀၀၀)ရာထူး ၁၀ နေရာတွင် ဖြည့်စွက်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ၉-၉-၂၀၀၇ ရက်နေ့ကကျင်းပခဲ့ရာ ရေးဖြေအောင်မြင်သူများကို အောက်ပါခုံအမှတ်အစီအစဉ်အတိုင်း လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၂၂-၉-၂၀၀၇ (စနေနေ့) မွန်းတည့် ၁၂-နာရီ

ခုံအမှတ်-၁၀။ ၂၂။ ၃၅။ ၄၀။ ၄၃။ ၄၈။ ၅၃။ ၅၉။ ၆၀။ ၆၂။ ၆၅။ ၆၈။ ၇၀။ ၇၇။ ၇၈။ ၉၀။

၂၃-၉-၂၀၀၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂-နာရီ

ခုံအမှတ်- ၁၀၂။ ၁၀၄။ ၁၀၅။ ၁၀၉။ ၁၁၂။ ၁၁၆။ ၁၁၇။ ၁၂၀။ ၁၃၈။ ၁၄၀။ ၁၅၁။ ၁၅၃။ ၁၅၆။ ၁၅၉။ ၁၆၅။ ၁၇၂။ ၁၈၇။

အဆိုပါလူတွေ့ဖြေဆိုကြမည့်သူများသည် ရန်ကုန်မြို့၊ အမှတ်-၂၂/၃၂၊ ကမ်းနားလမ်း၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်သို့ ဖော်ပြပါနေ့ရက်အစီအစဉ်အတိုင်းလာရောက် လူတွေ့စစ်ဆေးခံရန်ဖြစ်ပါသည်။

လာရောက်ဖြေဆိုကြသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် သက်ဆိုင်ရာ အထောက်အထားများ၊ အောင်လက်မှတ်မူရင်းများကိုပါတင်ပြရပါမည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ စီမံရေးရာဌာန၊ ဖုန်း ၃၉၂၂၂၅ နှင့် ၃၉၂၂၂၆ တို့သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

လေလံတင်ရောင်းချရန်ကြော်ငြာ

သစ်တောဦးစီးဌာနရှိ ဖော်ပြပါပစ္စည်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့်ပစ္စည်းများ
- ၁။ ကျွန်တံခါးရွက်များ
- ၂။ ဘက်ထရီအဟောင်းများ
- ၃။ တာယာအဟောင်းများ

(ခ) လေလံလျှောက်လွှာဝယ်ယူနိုင်သည့်နေရာ
- ၁။ စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန၊ အဆောက်အအုံ အမှတ် (၃၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၁၇၊ ၀၆၇-၄၀၅၀၀၁၊
- ၂။ သစ်တောဦးစီးဌာန၊ ကြို့ကုန်း။ ဖုန်း-၆၄၄၂၀၈၊ ၆၈၁၉၂၉

(ဂ) လေလံလျှောက်လွှာ တင်သွင်းရမည့်နေရာ
စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန၊ အဆောက်အအုံ၊ အမှတ် (၃၉)၊ နေပြည်တော်။

(ဃ) လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်
၁၇-၉-၂၀၀၇ရက် (တနင်္လာနေ့) နံနက် ၀၉:၀၀နာရီ။

(င) လေလံလျှောက်လွှာပိတ်မည့်ရက်
၂၀-၉-၂၀၀၇ရက်(ကြာသပတေးနေ့) ညနေ ၁၆:၀၀နာရီ။

(စ) လေလံတင်ရောင်းချမည့်ရက်
၂၁-၉-၂၀၀၇ရက် (သောကြာနေ့) နံနက် ၁၀:၀၀နာရီ။

(ဆ) လေလံတင်ရောင်းချမည့်နေရာ
သစ်တောဦးစီးဌာန၊ ရုံးအမှတ် (၃၉)၊ နေပြည်တော်။

မှတ်ချက်

လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၃၀၀၀/-ဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ရွှေဘိုဒီဂရီကောလိပ်မှ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန် ဓာတ်ခွဲခန်းသုံး သိပ္ပံပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၄-၉-၂၀၀၇ ရက်(တနင်္လာနေ့)၁၆:၃၀ နာရီဖြစ်ပါ၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၇-၉-၂၀၀၇ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကော်မတီ
ရွှေဘိုဒီဂရီကောလိပ်
ဖုန်း-၀၇၅-၂၁၀၂၁။

ဂရင်းနိုက်ကျောက်ပြားထုတ်လုပ်ရန် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း လက်အောက်ရှိ ဘဲလင်းဂရင်းနိုက်ကျောက်ပြားစက်ရုံ၏ ကျောက်ပြားထုတ်လုပ်မှု လုပ်ငန်းကို စက်ရုံမှစက်ပစ္စည်း၊ စက်ယန္တရားများကိုအသုံးပြု၍ ပြည်တွင်းမှ အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ဖိတ်ခေါ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိလိုပါက မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဖုန်း-၀၆၇-၄၀၈၀၇၄၊ ၄၀၈၃၆၀ (ကုန်ထုတ်ဌာန)သို့ ဆက်သွယ်နိုင်ပါသည်။

ရောင်းရန်ရှိသည်

နေထိုင်ရန် အသင့်ပြင်ပြီး ကွန်ဒိုတိုက်ခန်း ပန်းလှိုင်အိမ်ရာ (ရဲတံခွန်တာဝါ) အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၂၅၅၆၅၊ ၀၁-၆၄၄၈၆၉။

ကော့သောင်းနှင့် ခမောက်ကြီးမြို့များ စိမ်းလန်းစိုပြည်ရေး စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်နှင့် ခမောက်ကြီးမြို့ စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြသာယာလှပရေး စိမ်းလန်းစိုပြည်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးကျော်လင်းက ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော စည်ပင်သာယာရေးလုပ်ငန်းများကို တင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ် မြို့ရေပေးဝေသည့် ယင်းဝါဆည်၊ ဘုရင့်နောင်ကုန်းနှင့် ကမ်းနားပန်းခြံ၊ မြို့တွင်းလမ်းများနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ခမောက်ကြီးမြို့ရုံးသို့ သွားရောက်ပြီး ဘုတ်ပြင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကရသူရီမြို့နှင့် ခမောက်ကြီးမြို့တို့မှ အမှုဆောင်အရာရှိ၊ တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံ၍ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး မှာကြားသည်။

ညွှန်ကြားရေးမှူးချုပ်သည် ခမောက်ကြီးမြို့တွင် ဆောင်ရွက်ပြီးသော မြခွာညိုလမ်းအား ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ကော့သောင်းမြို့နယ် စည်ပင်သာယာရေးရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ငွေကြေးသုံးစွဲမှုတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဒ္ဒန္တ ဝေပုလ္လ ဝိဇာတမွေးနေ့နှင့် သိက္ခာထပ်အလှူတော်မင်္ဂလာပွဲ ပြည်၌ ကျင်းပ

ပြည် စက်တင်ဘာ ၄

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီးဖြစ်တော်မူသော ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လဆရာတော်ကြီး၏ သက်တော် ၆၄နှစ်ပြည့် ဝိဇာတမွေးနေ့နှင့် (၈၄)ကြိမ်မြောက် သိက္ခာထပ်အလှူတော် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက် ၉နာရီက စိန္တာမယသိဒ္ဓိ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ပင့်သံဃာ ၁၀၈ ပါးတို့အား အရဏ်မုန့်ဆွမ်းဆက်ကပ်လှူဒါန်းပြီး နံနက်၆နာရီတွင် သက်တော်ရှည်ဆရာတော်ကြီးငါးပါးအား မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လဆရာတော်ကြီးက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်ဆရာတော်ကြီးအား (၈၄)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာ ပြုလုပ်ပြီး သိမ်ဆင်း လောင်းလှူကြသည်။

ထို့နောက်ဆရာတော်ဘဒ္ဒန္တဝေပုလ္လ ဆရာတော်ကြီးထံမှ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေါ်ပရိသတ်တို့က ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ မွေးနေ့ရှင် ဆရာတော်ကြီးက ပြည်မြို့ သတ္တဌာနကျောင်းဝင်း သတ္တဌာနဘုရားအား ပြုပြင်တည်ဆောက်ရန်အတွက် အလှူငွေ ကျပ်ငါးသိန်း၊ ပြည်မြို့ မဟာသုဒဿနရာမကျောင်းတိုက် ပညာရေး ပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်း၊ ပြည်မြို့ အောင်မြေသာယာ ကျွန်းတောကျောင်းတိုက် အသစ်တည်ဆောက်နေသော ဓမ္မာရုံအတွက် အလှူငွေ ကျပ်ငါးသိန်း၊ ပြည်မြို့ ဓမ္မောဒယကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ပညာဒါနအလှူငွေကျပ်နှစ်သိန်းကို ဆရာတော်ကြီးက ပေးအပ်လှူဒါန်းသည်။ **(၄၀၃)**

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့က ကြီးမှူး၍ ရေဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ယူဆောင်ရွက်ခဲ့သော ကျေးလက်ရေပေးရေး စက်ရေတွင်းများ ပုံမှန်လည်ပတ်မှု ရှိ၊ မရှိကို မြို့နယ်များရှိ စက်မှုအင်ဂျင်နီယာများ စုဖွဲ့၍ ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းနွယ် ခေါင်းဆောင်သောအဖွဲ့ ဩဂုတ် ၂၂ရက်က အောင်ကလေး ကျေးရွာရှိ နှစ်လက်မစက်ရေတွင်းကို ကွင်းဆင်းစစ်ဆေးစဉ်။ (က-ပ)

မြင်းခြံမြို့နယ် မြို့မဈေးအတွင်း အပြင်ရေမြောင်းနှင့် ဈေးရုံလမ်းသွယ်များတွင် ဩဂုတ် ၂၀ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြင်ဆေးဖျန်းမှုကို ဦးစီးအရာရှိ ဦးတင့်ဝေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

သန်လျင်မြို့နယ် မီးဘေး တားဆီးရေး ကြီးကြပ်မှုအဖွဲ့နှင့်ပညာရေးဌာနတို့ ပူးပေါင်း စီစဉ်မှုဖြင့် မီးဘေးကြိုတင် ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဩဂုတ် ၁၇ရက်က အထက(၂) ရတနာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအာရ်မြလွင်က အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

တာဝါတိုင် ထိန်းသိမ်းခြင်းလုပ်ငန်းများ အတွေ့အကြုံနှင့်နည်းပညာများပေါင်းစပ် စနစ်တကျ ကာကွယ်ထိန်းသိမ်း

ရန်ကုန် စက်တင်ဘာ ၁၆

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာအနီး ဧရာဝတီမြစ်ကျော် 230 KV (လှိုင်သာယာ-အသုတ်) မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် ၁၄၇ ကာကွယ်ထိန်းသိမ်းခြင်းနှင့် မြစ်ရေစီးကြောင်း ပြောင်းလဲစေရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်တို့ ဧရာဝတီမြစ်ကျော် 230 KV (လှိုင်သာယာ-အသုတ်) မဟာဓာတ်အားလိုင်း တာဝါတိုင် ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂ လျှပ်စစ်)

ဧရာဝတီ၊ ချင်းတွင်းနှင့် သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၆

ဧရာဝတီမြစ်ရေသည်ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ မန္တလေးမြို့၌ ၁၂၂၈ စင်တီမီတာနှင့် စစ်ကိုင်းမြို့၌ ၁၂၄ စင်တီမီတာသို့ အသီးသီးရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း မန္တလေးမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၆၀ နှင့် စစ်ကိုင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၁၅၀ သို့ ရောက်ရှိနိုင်ကြသည်။

ဟုမ္မလင်းမြို့

ချင်းတွင်းမြစ်ရေသည်ယနေ့ နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ဟုမ္မလင်းမြို့၌ ၂၉၂၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၂ စင်တီမီတာ ကျော်လွန်နေသည်။

စာမျက်နှာ ၁၄ ကော်လံ ၅ ■

စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုကို ပရိသတ်အားပေးမှုနှင့် ပေါင်းစပ်၍ အနိုင်ယူအောင်ပွဲခံခဲ့သော ချန်ပီယံမြန်မာအမျိုးသမီးဘောလုံးအသင်း

သတင်းဆောင်းပါး - ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း - တင်စိုးနှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ စက်တင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ရာ အောင်မြင်စွာပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲစဉ်၌ မြန်မာအမျိုးသမီးဘောလုံးအသင်းက ထိုင်းအမျိုးသမီးဘောလုံးအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီဖြစ်သည်။

အနိုင်ရဗိုလ်စွဲ

ပထမအကြိမ် အာဆီယံဘောလုံးပြိုင်ပွဲကို ၂၀၀၅ ခုနှစ်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့ရာ မြန်မာအမျိုးသမီးဘောလုံးအသင်းက အိမ်ရှင်ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။ ဒုတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၆ ခုနှစ်က ဗီယက်နမ်နိုင်ငံ၌ပင် ကျင်းပခဲ့ရာ အိမ်ရှင်ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲချန်ပီယံ မြန်မာအမျိုးသမီးဘောလုံးအသင်းအား အုပ်ချုပ်သူ၊ နည်းပြများ၊ ဆုဖလားနှင့်အတူ ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)